
mgyoe.com
SAMPLE BOOK



# ရှင်မဟာသီလဝံသ ပါရာယနဝတ္ထု

ပထမအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK



''...ထင်ရှား တွေ့ရှိရသမျှသော မြန်မာစကားပြေ ဝတ္ထုများတွင် *ပါရာယန* ဝတ္ထုသည် အဟောင်းဆုံး ဝတ္ထုဖြစ်သည်။''

ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း (၁၉၇၁)၊ စာ ၇၄...မှ။

''...ဗုဒ္ဓစာပေလာ ဝတ္ထုကြီး ၈ ပုဒ်နှင့် ဝတ္ထုငယ် များစွာတို့ဖြင့် ပြုစုထားသောကြောင့် အဟောင်းဆုံး ဗုဒ္ဓစာပေဝတ္ထု...။''

မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီး၏ "အဟောင်းဆုံး ဗုဒ္ဓစာပေဝတ္ထု"၊
*ပါရာယနဝတ္ထု* [မေမြို့ မိုးကြည် တည်းဖြတ်] (၁၉၈၅)၊ စာ (ဝ)...မှ။

''...ဝတ္ထု၏ အခြေခံတစ်ရပ် ဖြစ်သော ဇာတ်ဆောင်စရိုက် ဖော်မှုကို အထင်အရှား တွေ့ရသည်။...''

မောင်ခင်မင် (ဓနုဖြူ) ၏ ကိုလိုနီခေတ်မြန်မာစာပေသမိုင်း (၂၀၁၀)၊ စာ ၄...မှ။

''...*ပါရာယန* ဝတ္ထုသည် မြန်မာဝတ္ထု လေ့လာသူများအတွက် ခြွင်းချန်မထားသင့်သော ဝတ္ထုအဖြစ် ယူဆရပါသတည်း။''

မလိခ ၏ မြန်မာဝတ္ထုအညွှန်း ပေါင်းချုပ် (၂၀၀၇)၊ စာ ၃၃ ..မှ။

# ရှင်မဟာသီလဝံသ
# ပါရာယန
## ဝတ္ထု

mgyoe.com

mgyoe.com SAMPLE BOOK

စာမူ ခွင့်ပြုချက်အမှတ် [၆၀၀၁၃၂၀၃၁၁]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၆၀၀၂၂၄၀၄၁၁]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၁၄) သူရိယသတင်းစာတိုက်
ဒုတိယအကြိမ် – (၁၉၆၃) ဟံသာဝတီ
တတိယအကြိမ် – (၁၉၆၆) ဟံသာဝတီ
စတုတ္ထအကြိမ် – (၁၉၈၅) ပုရပိုက်စာပေ
ပဉ္စမအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၅၀၀]၊ (ဇွန် ၂၀၁၁)

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

အတွင်းပန်းချီ
ဆရာကြီးဦးငွေကိုင်

❑

တန်ဖိုး
– ၆၀၀၀ ကျပ်

၂၉၄ . ၃
ရှင်မဟာသီလဝံသ
ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထု / ရှင်မဟာသီလဝံသ။
– ရန်ကုန်၊ ရာပြည့်စာပေ၊ ပဉ္စမအကြိမ်၊ ဇွန် ၂၀၁၁။
၂၆၁ – စာ၊ ၁၃ x ၂၁ စင်တီ။
(၁) ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထု

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- စကားချီး ၁၅
- ရှင်မဟာသီလဝံသ အတ္ထုပ္ပတ် ၂၀
- နိဒါန်း ၂၇

အခန်း ( ၁ )

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် ဝတ္ထု

၁။ အရှင်သာရိပုတ္တရာ ဗျာဒိတ်ခံတော်မူရခြင်း အကြောင်း ၂၉

၂။ အရှင်မောဂ္ဂလာန်အလောင်း အနောမဒဿီဘုရားထံ ဗျာဒိတ်ခံတော်မူရခြင်း အကြောင်း ၃၃

၃။ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် ရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့ ဖွားခြင်း အကြောင်း ၃၄

၄။ ဥပတိဿနှင့် ကောလိတ သတို့သားတို့ တောင်ထိပ် သဘင် ပျော်ရွှင်ရာ၌ သံဝေဂရခြင်း အကြောင်း ၃၆

၅။ ဥပတိဿပရိဗိုဇ်သည် ရှင်အဿဇိနှင့် တွေ့ဆုံသော အကြောင်း ၃၇

၆။ ဥပတိဿသည် ကောလိတအား ကတိကဝတ်အတိုင်း ပြန်ကြားခြင်း အကြောင်း ၃၉

၇။ အရှင်မောဂ္ဂလာန်အား ငိုက်မျဉ်းခြင်း ပယ်ဖျောက်နည်းကို ဟောတော်မူခြင်း အကြောင်း ၄၀

၈။ အရှင်မောဂ္ဂလာန် ရဟန္တာဖြစ်တော်မူခြင်း အကြောင်း ၄၁

၉။ အရှင်မောဂ္ဂလာန်သည် ငရဲပြည်နှင့် နတ်ပြည်သို့ ကြွ၍ တရားဟောတော်မူခြင်း အကြောင်း ၄၂




mgyoe.com

mgyoe.com SAMPLE BOOK
၁၀။ အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမတော်မူခြင်း အကြောင်း ၄၃
၁၁။ အရှင်မောဂ္ဂလာန် တန်ခိုးပြ၍ ရဟန်းသာမဏေငယ်တို့ကို ဆုံးမခြင်း အကြောင်း ၄၅
၁၂။ အရှင်မောဂ္ဂလာန် တာဝတိံသာ နတ်ပြည်၌ တန်ခိုးပြ၍ သိကြားမင်းကို သတိရစေခြင်း အကြောင်း ၄၆
၁၃။ အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်တော်မူသော အကြောင်း ၄၆
၁၄။ အရှင်သာရိပုတ္တရာ ပညာကြီးကျယ်ကြောင်း တပည့်ကြီး ရသေ့ ဝတ္ထု ၄၈
၁၅။ အရှင်သာရိပုတ္တရာ ပညာရှိကို မြတ်နိုးကြောင်း စူဠနိဗ္ဗြဟ္မဒတ်မင်း ဝတ္ထု ၄၉
၁၆။ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏထေရ်ကဲ့သို့သော ပညာရှိကို ချီးမွမ်းခြင်း အကြောင်း ၅၀
၁၇။ အရှင်သာရိပုတ္တရာသည် သီတင်းသုံးဖော်တို့အား သင်္ဂဟ ၂ ပါးဖြင့် သင်္ဂြိုဟ်ခြင်း အကြောင်း ၅၁
၁၈။ အရှင်သာရိပုတ္တရာသည် ၇ နှစ်ရွယ် သာမဏေငယ်၏ အဆုံးအမကို ရိုသေစွာ ခံယူခြင်း အကြောင်း ၅၃
၁၉။ အရှင်သာရိပုတ္တရာသည် ကိုယ်စိတ် ၂ ပါးကို နှိမ့်ချတော်မူလေ့ရှိခြင်း အကြောင်း ၅၄
၂၀။ အရှင်သာရိပုတ္တရာ ဟောတော်မူသော အမျက်ပြေ တရား ၅ ပါး ၅၅
၂၁။ အရှင်သာရိပုတ္တရာသည် လာဠုဒါယီ ရဟန်းမိုက်ကို သည်းခံတော်မူခြင်း အကြောင်း ၅၆

အခန်း (၂)

စိတ္တသူကြွယ်၊ ဟတ္ထာဠဝက သီတင်းဦး ဝတ္ထု

၂၂။ စိတ္တသူကြွယ် ဆုတောင်းပတ္ထနာပြုခြင်း အကြောင်း ၅၈
၂၃။ စိတ္တသူကြွယ် အနာဂါမ်ဖြစ်ခြင်း အကြောင်း ၅၉
၂၄။ စိတ္တသူကြွယ်သည် ပညာရှိတို့၏ အကျင့်သုံးပါးနှင့် ပြည့်စုံခြင်း အကြောင်း ၆၁


mgyoe.com

mgyoe.com SAMPLE BOOK


၂၅။ စိတ္တသူကြွယ်သည် သံယောဇနနှင့် သံယောဇနိယ တရားကို ခွဲ၍ ဟောကြားခြင်း အကြောင်း ၆၁
၂၆။ စိတ္တသူကြွယ်သည် တရားစကားကို ဆိုတတ်သော အရာ၌ ဧတဒဂ်ရခြင်း အကြောင်း ၆၃
၂၇။ ပဒုမုတ္တရဘုရားထံ ဗျာဒိတ်ခံရခြင်း အကြောင်း ၆၃
၂၈။ အာဠဝကမင်းကြီး တောကစားထွက်တော်မူခြင်း အကြောင်း ၆၄
၂၉။ အာဠဝကဘီလူးနှင့် တွေ့၍ ကတိစကား ထားခဲ့ရခြင်း အကြောင်း ၆၅
၃၀။ အာဠဝကဘီလူးအား ၁၂ နှစ်ပတ်လုံး အစာပို့ရခြင်း အကြောင်း ၆၅
၃၁။ မြတ်စွာဘုရားသည် အာဠဝကဘီလူးကို ချွတ်တော်မူသော အကြောင်း ၆၈
၃၂။ သာတာဂိရိနတ်မင်းနှင့် ဟေမဝတာ နတ်မင်းကြီးတို့ ဘုရားထံ ရောက်လာခြင်း အကြောင်း ၇၀
၃၃။ နတ်မင်းကြီးတို့က အာဠဝကဘီလူးအား နှိပ်နင်း၍ ပြောဆိုခြင်း အကြောင်း ၇၁
၃၄။ အာဠဝက ဘီလူးသည် ဘုရားရှင်ကို စစ်ထိုးခြင်း အကြောင်း ၇၃
၃၅။ အသံကြီး ၄ ပါး အကြောင်း ၇၄
၃၆။ အာဠဝက၏ တန်ခိုး လက်နက် ၉ ပါး အကြောင်း ၇၅
၃၇။ အမိုက်မှောင်ကြီး ၄ မျိုး အကြောင်း ၇၆
၃၈။ လက်နက်ကြီး ၄ ပါး အကြောင်း ၇၇
၃၉။ အာဠဝကသည် မြတ်စွာဘုရားကို ပြဿနာမေးရန် ကြံရွယ်ခြင်း အကြောင်း ၈၁
၄၀။ အာဠဝက၏ မေးခွန်း ပြဿနာများနှင့် မြတ်စွာဘုရား ဖြေဆိုတော်မူခြင်း အကြောင်း ၈၃
၄၁။ ပြဿနာ ၄ ပါး၏ အဓိပ္ပာယ်ကို အကျယ်ပြခြင်း အကြောင်း ၈၄
၄၂။ အာဠဝက နောက်ထပ်မေးသော အမေး ၄ ပါး အကြောင်း ၉၂


mgyoe.com

mgyoe.com SAMPLE BOOK
၄၃။ အာဠဝက ထပ်မံ၍မေးသော ပြဿနာ ၅ ပါး အကြောင်း ၉၄
၄၄။ ပညာ ရရာသော အကြောင်း ၄ ပါး ၉၅
၄၅။ လောကီ လောကုတ္တရာဥစ္စာ ရရာသော အကြောင်း ၃ ပါး ၉၅
၄၆။ မာလကတိဿရဟန်း ဝတ္ထု ၉၆
၄၇။ စည်းစိမ်ချမ်းသာ ဖြစ်နိုင်ရာသော ကျင့်ဝတ်တရားများ အကြောင်း ၉၈
၄၈။ သစ္စာနှင့် အဓိဋ္ဌာန်တို့ အကြောင်း ၁၀၀
၄၉။ မိတ်ဆွေခင်ပွန်း ဖြစ်ရန် ကျင့်ဝတ်များအကြောင်း ၁၀၁
၅၀။ အာဠဝက မင်းသားကို ဘုရားအား လှူခြင်းအကြောင်း ၁၀၄
၅၁။ အာဠဝက မင်းသားကို ဘုရားမြတ်စွာ ချွတ်တော်မူသော အကြောင်း ၁၀၈

## အခန်း (၃)

### ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ ဝတ္ထု

၅၂။ ခေမာမိဖုရားအား ဘုရားထံ ရောက်အောင် ပို့ဆောင်ခြင်း အကြောင်း ၁၁၁
၅၃။ ခေမာမိဖုရား အကျွတ်တရား ရအံ့သောအကြောင်း ၁၁၄
၅၄။ ခေမာမိဖုရား လူအဖြစ်နှင့်ပင် ရဟန္တာမ ဖြစ်သော အကြောင်း ၁၁၆
၅၅။ ခေမာမိဖုရား ရဟန်းပြုရန် မင်းကြီးကို ခွင့်တောင်းသော အကြောင်း ၁၁၈
၅၆။ သတ္တာဟပဗ္ဗဇိတထေရ်နှင့် နှိုင်းယှဉ်ပြကြောင်း ၁၂၃
၅၇။ မိန်းမမြတ် ၇ ယောက်တို့ကို ညွှန်ပြသော အတိတ်နှင့် ပစ္စုပ္ပန် ဝတ္ထု ၁၂၄
၅၈။ ခေမာထေရီအား ပညာကြီးသော အရာ၌ ဧတဒဂ်ထားတော်မူခြင်း ၁၂၆
၅၉။ ကိကီမင်းကြီး သမီးအဖြစ်မှ တာဝတိံသာ နတ်ပြည်၌ ဖြစ်ခြင်း အကြောင်း ၁၃၂
၆၀။ ဥမ္မာဒန္တီ မိန်းမမြတ်နှင့် စပ်လျဉ်းသော အတိတ်နှင့် ပစ္စုပ္ပန် ဝတ္ထု ၁၃၃


mgyoe.com

mgyoe.com SAMPLE BOOK
၆၁။ အဆင်းလှခြင်း၏ အကြောင်းလက္ခဏာ
အင်္ဂါ ၄ ပါး အကြောင်း ၁၃၆
၆၂။ စေတနာထက်သန်စွာ ပေးလှူသော ဒါနသည်
အဖိုးအနဂ္ဃ ထိုက်တန်ကြောင်း ၁၃၈
၆၃။ အနည်းငယ် လှူဒါန်းသော ဒါနကြောင့်
အကျိုးထူးရသော ဧကဒုဿဒါယကထေရ် အကြောင်း ၁၄၀
၆၄။ ဥပမုဒုဿဒါယကထေရ် အကြောင်း ၁၄၁
၆၅။ ပတ္တောဒနဒါယကထေရ် အကြောင်း ၁၄၂
၆၆။ ဥပ္ပလဝဏ်ထေရီ၏ အတိတ်နှင့် ပစ္စုပ္ပန် ဝတ္ထု ၁၄၃

## အခန်း (၄)

## ဥတ္တရာ မိန်းမမြတ်နှင့် နန္ဒမာတာ မိန်းမမြတ် ဝတ္ထု

၆၇။ ဥတ္တရာ မည်သော မိန်းမမြတ် ဝတ္ထု ၁၅၂
၆၈။ ဥတ္တရာနှင့် သာမာဝတီ စသော မိန်းမ ငါးရာတို့
သောတာပန် ဖြစ်ခြင်း အကြောင်း ၁၅၃
၆၉။ ဥတ္တရာသည် သာမာဝတီ စသည်တို့အား
ဒါနအကျိုးဆက်ကို တစ်ဆင့်ဟောခြင်း အကြောင်း ၁၅၅
၇၀။ အလှူပေး ပုဂ္ဂိုလ်နှင့် အလှူခံ ပုဂ္ဂိုလ်တို့
ကျင့်ဆောင်ရသော အကြောင်း ၁၅၇
၇၁။ သားသုံးယောက်တို့ကို ပြခြင်း အကြောင်း ၁၆၁
၇၂။ မိဘတို့၏ ဂုဏ်ကျေးဇူးနှင့် မိဘတို့အား လုပ်ကျွေးသော
အကျိုးကို ဟောတော်မူကြောင်း ၁၆၃
၇၃။ မီးနှင့်တူသော အပူ ၃ ပါး အကြောင်း ၁၆၅
၇၄။ မယားအပြား ၇ ပါး အကြောင်း ၁၆၆
၇၅။ နန္ဒမာတာ မည်သော မိန်းမမြတ်ဝတ္ထု ၁၆၇
၇၆။ နန္ဒမာတာနှင့် မဟာရာဇ်နတ်မင်းကြီး တွေ့ဆုံ၍
ယသေးစပါးကျီဖြင့် ပူဇော်ခြင်းအကြောင်း ၁၆၈
၇၇။ ပါရာယနသုတ္တန် ဒေသနာတော် နှစ်ရာငါးဆယ်ကို
ဟောတော်မူသော အကြောင်း ၁၇၃


mgyoe.com

mgyoe.com
SAMPLE BOOK

၇၈။ ကဋ္ဌဝါဟနမင်းကြီးက ဗာရာဏသီမင်းကြီးထံ
ကမ္ဗလာလက်ဆောင် ပို့သကြောင်း ၁၇၅
၇၉။ ဗာရာဏသီမင်းကြီးက ကဋ္ဌဝါဟနမင်းကြီးထံ
ရတနာလက်ဆောင် တုံ့ပြန်ကြောင်း ၁၇၅
၈၀။ ဗာဝရိပုဏ္ဏားကြီး၏ အကြောင်း ၁၇၉
၈၁။ ဗာဝရိပုဏ္ဏားကြီးသည် ရသေ့ရဟန်း ပြုအံ့ဟု
မင်းကို ခွင့်တောင်းသော အကြောင်း ၁၇၉
၈၂။ ဗာဝရိပုဏ္ဏားသည် တပည့် တစ်ကျိပ်ခြောက်ယောက်
တို့ကို ဘုရားထံသို့ စေလွှတ်ကြောင်း ၁၈၂
၈၃။ ဗာဝရီ မှာလိုက်သော ပုစ္ဆာ ခုနစ်ချက်ကို
တပည့်ကြီး အဇိတ နှလုံးဖြင့်-မေးခြင်းအကြောင်း ၁၈၄
၈၄။ ပြဿနာ ဖြေပြီးသည့်အဆုံး၌ ၁၆၀၁၆ ယောက်သော
ရသေ့တို့ ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကြကြောင်း ၁၈၈
၈၅။ ပိင်္ဂိယမထေရ်သည် ဦးရီးတော် ဗာဝရီ ရသေ့အား
ဘုရားမှန်သည်ဟု ပြန်ပြောကြောင်း ၁၉၁
၈၆။ အာသီသပတ္ထနာ ၁၉၅
၈၇။ စကားပြေ နိဂုံး ၁၉၅

## နောက်ဆက်တွဲ

| ပါရာယနသုတ် ပါဠိတော်နှင့် မြန်မာပြန် | ပါဠိ | မြန်မာပြန် |
|---|---|---|
| * ဝတ္ထုဂါထာ | ၁၉၇ | ၂၂၃ |
| ၁။ အဇိတမာဏဝပုစ္ဆာ | ၂၀၃ | ၂၃၁ |
| ၂။ တိဿမေတ္တေယျမာဏဝပုစ္ဆာ | ၂၀၄ | ၂၃၂ |
| ၃။ ပုဏ္ဏကမာဏဝပုစ္ဆာ | ၂၀၅ | ၂၃၃ |
| ၄။ မေတ္တဂူမာဏဝပုစ္ဆာ | ၂၀၆ | ၂၃၅ |
| ၅။ ဓောတကမာဏဝပုစ္ဆာ | ၂၀၈ | ၂၃၇ |
| ၆။ ဥပသီဝမာဏဝပုစ္ဆာ | ၂၀၉ | ၂၃၉ |
| ၇။ နန္ဒမာဏဝပုစ္ဆာ | ၂၁၀ | ၂၄၀ |
| ၈။ ဟေမကမာဏဝပုစ္ဆာ | ၂၁၂ | ၂၄၃ |
| ၉။ တောဒေယျမာဏဝပုစ္ဆာ | ၂၁၂ | ၂၄၃ |


mgyoe.com

mgyoe.com

SAMPLE BOOK


| | | | |
|---|---|---|---|
| ၁၀။ | ကပ္ပမာဏာဝပုစ္ဆာ | ၂၁၃ | ၂၄၄ |
| ၁၁။ | ဇတုကဏ္ဏိမာဏာဝပုစ္ဆာ | ၂၁၄ | ၂၄၅ |
| ၁၂။ | ဘဒြာဝုဓမာဏာဝပုစ္ဆာ | ၂၁၄ | ၂၄၆ |
| ၁၃။ | ဥဒယမာဏာဝပုစ္ဆာ | ၂၁၅ | ၂၄၇ |
| ၁၄။ | ပေါသာလမာဏာဝပုစ္ဆာ | ၂၁၆ | ၂၄၈ |
| ၁၅။ | မောဃရာဇမာဏာဝပုစ္ဆာ | ၂၁၇ | ၂၄၉ |
| ၁၆။ | ပိင်္ဂိယမာဏာဝပုစ္ဆာ | ၂၁၇ | ၂၅၀ |
| ✱ | ပါရာယနဝတ္ထုတိဂါထာ | ၂၁၈ | ၂၅၁ |
| ✱ | ပါရာယနာနုဂီတိဂါထာ | ၂၂၀ | ၂၅၂ |
| – | အက္ခရာစဉ်အညွှန်း | | ၂၅၆ |


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စကားချီး *

**ရှေးအကျဆုံး စကားပြေ**

ဤပါရာယန ဝတ္ထုသည် သာသနာ (၂၀၅၅) နှစ်ထောင်ငါးဆယ့်ငါးနှစ်တွင် စီရင်ပြီးစီးကြောင်း နိဂုံး၌ ဆိုထားရကား ယခု သာသနာ ၂၅၀၆ နှစ်သို့ ရောက်၍ နှစ်ပေါင်း (၄၅၁) နှစ်ခန့် ရှိလေပြီ။ မြန်မာစကားပြေ စာပေများအနက် ရှေးအကျဆုံး စကားပြေတစ်ခု ဖြစ်သည်။ မည်မျှ ရှေးကျသည်ကိုမူ အောက်ပါ ဝေါဟာရ စကားလုံးများကို ထောက်၍ တွက်ဆနိုင်ပေသည်။

> ပရိက္ခရာကို သိမ်းပကား၏၊ လက်ဝဲရံနှင့်အကွ၊ သဃ်နေအဆုံးရှိ၏၊ နှလုံးကွက်သောကြောင့်၊ ရှစ်မင်းပယ် စားလောက်သော၊ လာသောအခြည်အဝါ၊ သာလကာစားရ၏၊ ပါတိမုက်လွှတ်တော်မူလျှင်၊ ရသေ့များတို့ ကိုယ်တို့ကုန်အော်င်၊ မြဲစွာ အောက်တောကျိုက်၍၊ တက်တက်ခေါ်လျက်၊ ကျောက်ချင်းထ၍ တခွန်းမဆိုစောက်၊ စာတီဝယ် တမြက်လှည်းဘူးသော၊ ငါမဝတ်ရပြီဆိုးဖျည်းအှံ့သတည်း၊ ဖြစ်စရက်ခေါက်လျှင် အကျိုးသော်ကား၊ အဆင်းရူပကာယ် တင့်တယ်စွာ၊ ထိုသည်တံတင်းကမ်းပါဟု၊ ဆုတောင်းခေါက်ရက် ကျွတ်ဆုရလေပြီးမှ၊ မသန့် မသက်ဖြင့်တလ္လ၏၊ အသက်မွေးခြင်းကား ရပ်စောက်စာသာတည်း၊ မျက်နှာသိမ်းပြည်းရှိလျက်၊ ထိုထိုကျေးမက်တို့၌၊ ငါ့ဂှာမှတ်သောတဏှာ၊ ယခုသွား၍ကြားပချိမ့်။

စသော ဝေါဟာရ စကားလုံးများပင် ဖြစ်လေသည်။

ရှင်မဟာ သီလဝံသသည် ကဗျာ၊ လင်္ကာ အသီအကုံး ဝါသနာပါ ထုံ၍ ကျွမ်းကျင်သည်အလျောက် စကားပြေ ရေးသားရာတွင် လည်းကောင်း၊

---

* ၁၉၆၆ ခုနှစ် ပုံနှိပ်မှုတွင် ပါသည့် စာတို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ပါဠိ ဂါထာများ အနက်ပေးရာတွင် လည်းကောင်း ချိတ်ဆက် ကာရန် လင်္ကာသံများ ပါဝင်နေလိမ့်မည်ဟု ထင်မှတ်ရသော်လည်း လုံးဝ ပါဝင်ခြင်း မရှိပေ။ သဒ္ဒါလင်္ကာရခေါ် သာယာနာပျော်ဖွယ် အက္ခရာ အချိတ်အဆွယ်တို့ဖြင့် တန်ဆာဆင်ခြင်း မရှိမူ၍ အတ္တာလင်္ကာရခေါ် အာဘော်နှလုံးသွင်း လိုရင်းသိလွယ် အနက်အဓိပ္ပာယ်တို့ဖြင့်သာ တန်ဆာဆင်ထားခြင်း ဖြစ်ပေသည်။ အချို့ ဝေါဟာရ စကားလုံးများမှာ ဤခေတ်လူတို့ မသိ နားမလည်နိုင် ဖြစ်သော်လည်း ထိုခေတ်လူတို့အဖို့ ခေတ်သုံးစကား ဖြစ်၍ နားလည်နိုင်ပေသည်။ ဤပါရာယနဝတ္ထုထက် ရှေးကျသော စကားပြေများ ပေါ်ဖူးသည်ဟု ဆိုရစေကာ ထိုစကားပြေများကို ယခုအခါ မတွေ့မမြင်ရတော့ပေ။ သို့ဖြစ်၍ စကားပြေ ဝတ္ထုတွင် ရှေးအကျဆုံး စကားပြေဝတ္ထုအဖြစ် ပျောက်ပျက် တိမ်ကောမသွားရအောင် စောင့်ထိန်းထားသင့်ပေသည်။

**ပါရာယနဝတ္ထု အစီအစဉ်**

ရှင်မဟာသီလဝံသ မထေရ်မြတ်သည် ပါရာယနသုတ္တန် တရားကို အခြေခံမူတည်၍ ပါရာယနဝတ္ထုကို အခန်းကြီး ၄ ခန်း၊ ဝတ္ထုကြီး ၈ ဝတ္ထု၊ ဝတ္ထုငယ် များစွာတို့ဖြင့် တန်ဆာဆင်၍ စီရင်ရေးသားတော်မူရာ အခန်းကြီး ၄ ခန်းနှင့် ဝတ္ထုကြီး ၈ ဝတ္ထုတို့မှာ–

အခန်း (၁) ရဟန်းတော်တို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော အရှင်သာရိပုတ္တရာ ဝတ္ထုနှင့် အရှင်မောဂ္ဂလာန် ဝတ္ထု။

အခန်း (၂) ရဟန်းမိန်းမထေရီတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော ခေမာထေရီ ဝတ္ထုနှင့် ဉပ္ပလဝဏ်ထေရီ ဝတ္ထု။

အခန်း (၃) လူဒါယကာတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော စိတ္တသူကြွယ် ဝတ္ထုနှင့် ဟတ္ထာဠဝက ဝတ္ထု။

အခန်း (၄) လူဒါယိကာမတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော ဥတ္တရာမိန်းမမြတ် ဝတ္ထုနှင့် နန္ဒမာတာ မိန်းမမြတ် ဝတ္ထုများ ဖြစ်ကြ၏။

ဤနန္ဒမာတာ ဝတ္ထုတွင် နန္ဒမာတာ ရွတ်ဖတ် သရဇ္ဈာယ်သော ပါရာယနသုတ်ကို အကြောင်းရင်းခံ၍ ဤဝတ္ထုတစ်ခုလုံးကိုလည်း ပါရာယန ဝတ္ထုဟု အမည်တပ်၍ မှတ်သားခြင်း ဖြစ်ပေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ပါရာယနသုတ်

ပါရာယနသုတ်မှာ ဗာဝရီ မည်သော မင်းဆရာ ပုဏ္ဏား ရသေ့ကြီးနှင့် အဇိတ စသော ပုဏ္ဏား ရသေ့ငယ် တပည့် တစ်ကျိပ် ခြောက်ဦးတို့ အသီးသီး မေးအပ်သော ပြဿနာများကို မြတ်စွာဘုရားသခင် အသီးသီး ဖြေဆို ဟောကြားတော်မူသည့် သုတ္တနိပါတ် ပါဠိတော်လာ တရားဒေသနာတော် ပင် ဖြစ်သည်။ ပါရာယန၌ ပါရ+အယန–ဟူသော ၂–ပုဒ်တွင် ပါရ= သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်၊ အယန=ရောက်ရာရောက်ကြောင်းခရီး။ ပါရာယန=သံသရာ တစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းရောက်ရာ ခရီး လမ်းမဟာဟု ဆိုလိုပေသည်။

### အမေးပြဿနာများ

ပါရာယနသုတ္တန် လာ ပုစ္ဆာပြဿနာများမှာ–

(၁) ဦးခေါင်းမည်သည်ကား အဘယ်နည်း။
(၂) ဦးခေါင်း ပြတ်တတ်သော အကြောင်းကား အဘယ်နည်း။
(၃) လူတကာကို အဘယ်တရားသည် ဖုံးကွယ်သနည်း။
(၄) အဘယ် အကြောင်းကြောင့်လျှင် မထင်ရှားနိုင်သနည်း။
(၅) အဘယ် တရားလျှင် မျောက်နဲ့စေးနှင့် တူသနည်း။
(၆) လူ ဟူသမျှတို့၏ ဘေးကြီးကား အဘယ်နည်း။
(၇) တဏှာအယဉ်၊ ဒိဋ္ဌိအယဉ်တို့ကို စောင့်ရှောက်နိုင်သည်ကား အဘယ်တရားနည်း။
(၈) အယဉ်တို့ကို ပိတ်ဆို့နိုင်သည်ကား အဘယ်တရားနည်း။
(၉) ပညာ၊ သတိ၊ နာမ်ရုပ်တရားသည် အဘယ်၌ ချုပ်ပါသနည်း။
(၁၀) ရဟန္တာပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်တို့ကား အဘယ်သို့ ပြုကျင့်နေထိုင်သနည်း။

ဤသို့ စသည်ဖြင့် အဇိတ၊ တိဿမေတ္တေယျ၊ ပုဏ္ဏက စသော ရသေ့ ၁၆ ဦးတို့ အသီးအသီး ပြဿနာပြု၍ မေးလျှောက်ကုန်၏။ မြတ်စွာဘုရားသခင်သည်လည်း ထိုပြဿနာတို့ကို တစ်ခုမကျန် အသီးအသီး ဖြေဆိုတော်မူ၏။ ဤ အမေး၊ အဖြေ ၂ ရပ်ကိုပင် ပါရာယနသုတ်ဟု ခေါ်ဆိုလေသည်။


mgyoe.com

mgyoe.com  SAMPLE BOOK

**စာမူများ ညှိနှိုင်းတိုက်ဆိုင်ခြင်း**

ဤပါရာယန ဝတ္ထုကို ပုံနှိပ်ရာတွင် –

ခင်မကန် ပါဠိတက္ကသိုလ် အရှင်ဝါသဝ (ဓမ္မာစရိယ) ၏ ၁၂၁၈ ခုနှစ်ရေး ပေစာမူ၊

ကင်းဝန်မင်းကြီး၏ ၁၂၃၄ ခုနှစ်ရေး ပေစာမှ ကူးယူပုံနှိပ်အပ်သော သူရိယသတင်းစာတိုက် ၁၉၁၄ ခုနှစ်ရိုက် စာအုပ်မူများကို ရရှိသည်ဖြစ်၍ ထိုစာမူများကို ညှိနှိုင်းတိုက်ဆိုင် ကြည့်ရှုရာ ကင်းဝန်မင်းကြီးမူနှင့် ခင်မကန် အရှင်ဝါသဝ စာမူ အချို့နေရာ၌ မတူညီသည်ကို တွေ့ရပေသည်။ ထို့ပြင် ကင်းဝန်မင်းကြီးမူ (က) ၌ ပါ၍ ခင်မကန်မူ (ခ) ၌ မပါသည်ကို လည်းကောင်း၊ ခင်မကန်မူ (ခ) ၌ ပါ၍ ကင်းဝန်မင်းကြီးမူ (က) ၌ မပါသည်ကို လည်းကောင်း တွေ့ရပြန်ပေသည်။ သို့ဖြစ်၍ စာကိုယ်ထဲတွင် လက်သည်းကွင်းပြလျက် –

(က) မူ၊ (ခ) မူ တို့၌ ပါ မပါကို လည်းကောင်း၊
မည်သို့ ကွဲလွဲနေသည်ကို လည်းကောင်း၊
မပေါ်လွင်သော ဝေါဟာရ စကားလုံးများ၏ အဓိပ္ပာယ်ကို လည်းကောင်း၊

စာကိုယ်၏ အောက်ခြေတွင် ညွှန်ပြထားပါသည်။

**နောက်ဆက်တွဲ**

ထို့ပြင် သုတ္တနိပါတ်မှ ပါရာယနသုတ် ပါဠိတော်ကို လည်းကောင်း၊ ပါရာယနသုတ် မြန်မာပြန်ကို လည်းကောင်း မူရင်းအကျယ် သိလိုသူတို့အတွက် နောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖော်ပြထားပါသည်။

**ကျေးဇူးတင်ရှိခြင်း**

ပါရာယနဝတ္ထု ပုံနှိပ် လုပ်ဆောင်ရာတွင် စာပေမူတစ်ဆူ ပေးပို့ချီးမြှင့်သော မန္တလေးမြို့ ခင်မကန် ပါဠိတက္ကသိုလ် ကျောက်ဆောက်ကျောင်း အရှင်ဝါသဝ [သာသနဓဇသီရိပဝရ ဓမ္မာစရိယ ] အား အထူး ကျေးဇူးဥပကာရ တင်ရှိပါသည်။


mgyoe.com

mgyoe.com



SAMPLE BOOK

**တည်းဖြတ်ခြင်း**

ပါရာယနဝတ္ထုကို ရိုက်နှိပ်ရာတွင် ကျွန်ုပ်တို့ အာဘော်ကျ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း အလျှင်းမပြုမူ၍ အထက်ပါ စာမူ ၂ ခုကို ညှိနှိုင်းတိုက်ဆိုင်၍ လည်းကောင်း၊ ဤကျမ်း၏ ရှေ့ပိုင်း နောက်ပိုင်းကို ညှိနှိုင်း၍ လည်းကောင်း၊ ဆရာဦးခင်စိုး [သာသနဓဇသီရိပဝရ ဓမ္မာစရိယ] နှင့် ဆရာဦးသိန်းဟန် (၁)၊ ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးရွှေဖူး၊ ဦးပု၊ ဦးသိန်းဟန် (၂) ဟံသာဝတီ ပါဠိဆရာများ အဖွဲ့က ကောင်းစွာတည်းဖြတ် ကြပ်မတ်သုတ်သင် ပြင်ဆင်အပ်သည် ဖြစ်ပါကြောင်း။

**ဟံသာဝတီ**

mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်မဟာသီလဝံသ အတ္ထုပ္ပတ္တိ

ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ ဓမ္မခန်သည်၊ သံတောင်ဖြိုးမြင့်–စွင့်လိမ့်လေ့။

အကိုက်လေးဘော်၊ မြေမှပေါ်သော်၊ ရှင်ကျော် လေးဦး–ခူးလိမ့်လေ။

ခူးလည်း ခူးလတ္တံ့၊ ကူးလည်း ကူးလတ္တံ့၊ စူးလည်း စူးလတ္တံ့၊ မြူးလည်း မြူးလတ္တံ့။

ဟူ၍ မိုးညှင်းမင်းတရားကြီး ဖြိုတော်မူသည့်နှစ် သက္ကရာဇ် ၈၀၀ ပြည့်နှစ် အတွင်းတွင် တောင်တွင်းကြီးမြို့၌ ထူးကဲစွာ တဘောင် ပေါ်ခဲ့ပေသည်။ ထိုတဘောင် ပေါ်လာသောအချိန်မှ စ၍ "ပေလေးပင်–ရှင်လေးပါး" ပေါ်ချိမ့်မည်ဟု တောင်တွင်းကြီး တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်သာ ဖြစ်ဘိသည်။

ထိုတဘောင် အရလည်း သက္ကရာဇ် ၈၁၅ ခုနှစ်သို့ ရောက်လတ်သော် တောင်တွင်းကြီးမြို့ မြောက်ဘက်ရှိ မြို့လုလင်ရွာတွင် နှစ်စို့၊ သတိုးထမ်းရွာတွင် တစ်စို့၊ မန်းကျည်းယောင်ရွာတွင် တစ်စို့၊ ဤသို့လျှင် ပေစို့ကြီးလေးစို့တို့သည် ပုဗ္ဗနိမိတ် အဖြစ်ဖြင့် အံ့ဖွယ်ရာ ပေါ်ထွက်လာရကား မြို့သူမြို့သား အပေါင်းမှာ "ပေလေးပင်" တော့ ပေါ်လေပြီဟု နှစ်ထောင်းအားရ ဝမ်းမြောက်ခြင်း ဖြစ်ကြလေကုန်၏။

ထိုသက္ကရာဇ် ၈၁၅ ခုနှစ် အတွင်းမှာပင် "ရှင်လေးပါး" အဝင်အပါဖြစ်သော "ရှင်ဥတ္တမကျော်" လောင်းလျာကို မြို့လုလင်ရွာ၏ အရှေ့ပိုင်းနေ ဦးသောကြာ၊ ဒေါ်နှင်းဆီတို့မှ ဖွားမြင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK


ထိုနေ့ ထိုရက်မှာပင် သတိုးထမ်းရွာ၌ "ရှင်အုန်းညို" လောင်းလျာ "ရှင်လေးပါး" အဝင်အပါကို ဖွားမြင်ပြန်လေသည်။

ထို့နောက် ခြောက်ရက်မြောက်သောနေ့သို့ တိုင်ပြန်လျှင် ရှင်ဥတ္တမကျော်ကို ဖွားမြင်သော မြို့လုလင်ရွာ၏ အရှေ့ပိုင်းမှာပင် အသည်မျိုးဖြစ်သူ အဖ ဦးကြည်၊ နတ်ထိန်းကြီး အမိ ဒေါ်ဒွေး တို့တွင် * –

"သဒ္ဒါတွင် ရှင်မဟာကစ္စည်း၊

ကဗျာတွင် ရှင်မဟာသီလဝံသတည်း"–

ဟု ယခုတိုင် ဥဒါန်းတွင်လျက် ရှိပေသော ရဟန်းစာဆို အကျော် ရှင်မဟာသီလဝံသ ဆရာတော်လောင်းလျာ "ပေလေးပင်–ရှင်လေးပါး" အဝင်အပါ ဖွားမြင်၍ လာခဲ့ပေသည်။ နံတော် သောကြာသား ဖြစ်၍၊ ငယ်မည်မှာ မောင်ညို ဖြစ်ပေသည်။

ရှင်မဟာသီလဝံသလောင်း မောင်ညိုကို ဖွားမြင်ပြီး "ရှင်လေးပါး" အဝင်အပါ "ရှင်ခေမာ" လောင်းလျာကို ဖွားမြင်ပြန်လေသည်။

မြို့လုလင်ရွာ၌ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ပေနှစ်ပင်–ရှင်နှစ်ပါး၊ သတိုးထမ်းရွာ၌ ရှင်အုန်းညို–ပေတစ်ပင်–ရှင်တစ်ပါး၊ မန်းကျည်းယောင်ရွာ၌ ရှင်ခေမာ–ပေတစ်ပင်–ရှင်တစ်ပါး။ ဤသို့လျှင် "ပေလေးပင်–ရှင်လေးပါး" တောင်တွင်းကြီးမြို့တွင် အထက်ပါ တဆောင်နှင့်အညီ ထင်ရှားစွာ ပေါ်ပေါက်ခဲ့ပေသည်။

---

* မှုကွဲအချို့ကို အောက်တွင် ဖော်ပြအပ်ပါသည်။ *(ဇာပြည့်)*

၁။ သက္ကရာဇ် ၈၃၀ ပြည့်နှစ်တွင် တောင်တွင်းကြီးမြို့ မောင်းတိုင်ရပ်တွင် ဖွားမြင်လေသည်။ ရှင်မဟာသီလဝံသ၏ မိဘသည် ရွှေကဖြူ နတ်ပုဏ္ဏားဖြစ်ကြ၍ အမည်မှာ ဦးလွန်နှင့် ဒေါ်ထွေး ဖြစ်ကြလေသည်။ [မြန်မာပြည်က အာစာနည်း၊ 'ရှင်မဟာသီလဝံသအကြောင်း'၊ သူရိယ ရုပ်စုံ *သတင်း* (၂၀–၁၁–၃၂)။ စာ–၁၄။]

၂။ ကောဇာသက္ကရာဇ် ၈၃၀ ခုနှစ်တွင် တောင်တွင်းကြီးမြို့ မောင်းတိုင်ရပ်နေ အဘ ဦးရွှေလှ၊ အမိ ဒေါ်ပုတို့မှလည်း လူမည် မောင်ညို၊ ရဟန်းဘွဲ့မည် ရှင်သီလဝံသ ကိုယ်တော်မြတ်ကို ဖွားမြင်တော်မူလေသည်။ [သုတေသန မောင်အုံးဖေ။ 'ရှင်ဥတ္တမကျော်'၊ သူရိယ ရုပ်စုံသတင်း (၁၂–၂–၃၃)။ စာ–၂၁။]

၃။ သက္ကရာဇ် (၈၁၅) ခုနှစ် သောကြာနေ့တွင် တောင်တွင်းကြီးမြို့ မောင်းတိုင်ရပ်နေ ကျောင်းဒါယကာ ဦးရွှေလှ မယား မမပုတို့၌ မောင်ညိုဟု ခေါ်သော သားတစ်ယောက် ရှိ၏။ [ဒဂုန်နတ်ရှင်။ *စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ ပေါင်းချုပ်* (မ–၁၃၁၇)။ စာ–၂၆။]


mgyoe.com

mgyoe.com SAMPLE BOOK

ထို "ပေလေးပင် ရှင်လေးပါး" အဝင်အပါ ရှင်မဟာသီလဝံသ လောင်းလျာကို တောင်တွင်းကြီးမြို့ အရှေ့မြောက် တောင်တွင်းကြီးမြို့စား သီဟပတေ့ကြီး ဆောက်လုပ်လှူဒါန်းသည့် ရတနာဗိမာန်ကျောင်း နတ်မီး လင်း ဆရာတော့်အထံတွင် ပညာသင်ရန် အပ်နှံခဲ့ရာ ပျို့၊ ကဗျာ၊ လင်္ကာ စပ်ဆိုမှုများ၌ အထူး ထက်သန် လျှင်မြန်လှပေသည်။ ကျောင်းနေဖက်များ အလယ်တွင် ခဏချင်းပင် ကဗျာ၊ လင်္ကာ စပ်ဆိုနိုင်သည်ဟု အလွန် ထင်ရှား ပေသည်။

ထင်ရှားပုံ သာဓကမှာ မောင်ရှင် ပဥ္စင်းတို့သည် သစ်ခေါင်းတွင် ပေါက်နေသော အောက်ချင်းငှက်တို့၏ တစီစီ တကျာကျာ အော်မြည်သံကို ကြားရ၍ -

"အောက်ချင်းရင်သွေး၊ ဥက မွေးသည်၊
ကွေးလေးနုနယ်၊ သနားဖွယ်" -

ဟု စာစပ်ကြလေသည်။ လောကသဘောကို ခေါက်မိသော ရှင် သီလဝံသအလောင်း သူငယ်သည် ထိုကိုကြားရသောအခါ 'ကိုယ်တော်တို့ စာစပ်မမှန်' ဟု ဆိုလေရာ 'အသင် သူငယ် ... အဘယ်သို့ စပ်ရအံ့နည်း' ဟု မေးကြလေသည်။ ထိုအခါ သူငယ်က -

"အောက်ချင်းရင်အောက်၊ ဥက ပေါက်သည်၊
တောင့်ရောက်နုနယ်၊ သနားဖွယ်" -

ဟု တစ်ခဏချင်း စပ်ပြလေသည်။ ဤသို့ သဘာဝကျအောင် စပ်ပြသည်ကို နှစ်ခြိုက်သော မောင်ရှင် ပဥ္စင်းတို့လည်း 'အံ့ဖွယ်ရှိစွတကား' ဟု ချီးကျူးကြလေသည်။

သက္ကရာဇ် ၈၃၀ ပြည့်နှစ် အသက် ၁၅ နှစ် အရွယ်သို့ ရောက်လတ် သော် နတ်မီးလင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘောင်သို့ ရောက်လေသည်။ သက္ကရာဇ် ၈၃၅ ခုနှစ် အသက် ၂၀ ပြည့်တွင် ရဟန်း အဖြစ်သို့ ရောက်တော်မူပြန်လေသည်။ ရှင်အမည်၊ ရဟန်း အမည်ကား "ရှင်သီလဝံသ" တည်း။

သက္ကရာဇ် ၈၅၃ ခုနှစ်၊ သက်တော် ၃၈၊ ဝါတော် ၁၈ ဝါ ရသော အခါ "ဇောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က" ချီ **ပါရမီတော်ခန်းပျို့** ကို ရှေးဦးပထမ ရေးသားစပ်ဆိုတော်မူသည်။ ထိုပါရမီတော်ခန်းပျို့သည် ပိဋကတ်သုံးပုံကို ထုံးလိုခြေ ရေလိုနှောက်၍ ရေးစပ်သောပျို့ ဖြစ်သဖြင့် အလွန်လျှင် နက်နဲ


mgyoe.com

mgyoe.com SAMPLE BOOK

သိမ်မွေ့ပေသည်။ အရေးအသား အစပ်အဟပ်တို့ကလည်း ကျစ်လျစ် သိပ်သည်းသည်။ ပညာရှင်ကြီး အားလုံးကပင် ကောင်းချီးပေးရလောက် အောင် ကောင်းမွန်လှပေသည်။

သက္ကရာဇ် ၈၅၅ ခုနှစ်တွင် ဆရာ့အထံ သုံးကြိမ်တိတိ ခွင့်ပန်၍ အင်းဝနေပြည်တော်သို့ ကြွသွားရာတွင် ရှေးဦးစွာ နေပြည်တော်၏အနီး တံတားဦးအရပ်သို့ ရောက်လတ်သောအခါ "အင်းဝပြည်သို့ ဆင်ဖြူတော် ဝင်သည်" ဟု ကောလာဟလ ဖြစ်လေသည်။

ထိုအခါ အင်းဝနေပြည်တော်ကို စိုးမိုးအုပ်ချုပ်သော ရေမြေ့အရှင် ဘုရင် ဒုတိယမင်းခေါင် ကြားသိတော်မူ၍ သဒ္ဓါ ကြည်ညိုစွာ ဖြစ်တော် မူသည့်အလျောက် စစ်ကိုင်းမြို့ ထူပါရုံ စေတီတော်၏ အရှေ့မြောက်ယွန်းရှိ "ရတနာဝိမာန်" ကျောင်းကို တင်လှူတော်မူသည်။

အင်းဝနေပြည်တော်သို့ ရောက်တော်မူ၍ ၃ နှစ်ခန့်မျှ အကြာ သက္ကရာဇ် ၈၅၈ ခုနှစ် နှစ်ဦးတွင် "ကြားပိမ့်ကျက်သရေ၊ အောင်မြင်စေအံ့" အစရှိသော **တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း** ကို ရေးသားတော် မူသည်။

ထိုနှစ် အတွင်းမှာပင် ရှင်ရဋ္ဌသာရက ပါရမီတော်ကို မည်သို့ပင် ဖြည့်ကျင့်၊ ဆည်းပူးငြားသော်လည်း ဆုတောင်းဦးမှ ဘုရားဖြစ်နိုင်သည်ဟု မြွက်တော်မူသည်။ ရှင်သီလဝံသ ကြားသိတော်မူရကား "ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား" ချီ **ဆုတောင်းစန်းပျို့** ကို ရက် အနည်းငယ် အတွင်းမှာပင် အပြီးအစီး ရေးသား စီရင်တော်မူ၏။ ထိုအခါ ကျမှ "အံ့ဖွယ်သရဲ၊ ထူးကဲပါပေသည်" ဟု ရှင်မဟာသီလဝံသ၏ အမည် တော်မှာ အကျော်အစော ဖြစ်သတည်း။

သက္ကရာဇ် ၈၆၃ ခုနှစ်တွင် ဒုတိယမင်းခေါင် နတ်ရွာစံခဲ့၍ သားတော် ရွှေနန်းကြော့ရှင် ဘုရင် နရပတိ နန်းတက်တော်မူ၏။ ထိုနှစ်တွင်ပင် ရှင် မဟာသီလဝံသသည် ထင်ရှား တွေ့ရှိရသမျှသော မြန်မာစကားပြေတို့တွင် အဦးဆုံး၊ အဟောင်းဆုံးဟု ဆိုအပ်သော **ပါရာယနဝတ္ထု** ကို ရေးသားပြုစု တော်မူလေသည်။

"ဘုရားသခင် သာသနာတော် နှစ်ထောင် အနှစ် ငါးဆယ့် ငါးနှစ် စေ့သောအခါ၌ ရွှေနန်းကြော့သခင် ဘုရင် နရပတိမင်းကြီး


mgyoe.com

mgyoe.com SAMPLE BOOK

အောင်မြင်ခါ ဆယ်နှစ်စေ့လေသော အခါ၌ ပါရာယနဝတ္ထုကို စီရင်သောအခန်းကား ဤဝယ်ရွှေ့ ပြီးပြည့်စုံ၏။"

ဟု နိဂုံးစကားကို ထောက်လျှင် ၈၇၃ ခုနှစ်တွင် စီရင်သည်ဟု ဆိုဖွယ်ရှိ၏။

နောက်တစ်နှစ်ဖြစ်သော သက္ကရာဇ် ၈၆၄ ခုနှစ်တွင်လည်း တွေ့ရှိသမျှသော ရာဇဝင်ကျမ်းတို့၌ အဦးဆုံး၊ အဟောင်းဆုံး ဟူ၍ပင် ဆိုအပ်သော **ရာဇဝင်ကျော်** ကျမ်းကို ကြိုးပမ်းပြုစုတော်မူပြန်သည်။

သက္ကရာဇ် ၈၇၂ ခုနှစ်တွင် ဘုရင်နရပတိ ရွှေနန်းအသစ် တည်ဆောက်တော်မူရာ "ရှုလော့သွယ်ဖြူး၊ လူသုံးဦးတို့" ချီ **ရွှေနန်းကြော့ရှင် နန်းတည်မော်ကွန်း**ကို လည်းကောင်း၊ **ဓမ္မပါလပျို့**ကို လည်းကောင်း ရှင်မဟာသီလဝံသသည်ပင် စပ်ဆိုတော်မူပြန်သည်။

ဤသို့ မြန်မာစကားပြေ၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း စသည်တို့ကို စပ်ဆိုရေးသားခဲ့သော မှန်သောက်မာတင် အာဇာနည်ဝင် ရှင်မဟာသီလဝံသထေရ် အရှင်သည် သက္ကရာဇ် ၈၈၀ ပြည့်နှစ်၊ သက်တော် ၆၅ နှစ်၊ ဝါတော် ၄၅ ဝါ အရတွင် ခန္ဓာရုပ်သိမ်း ချုပ်ငြိမ်း ပျံလွန်တော်မူသတည်း။

## ရှင်မဟာသီလဝံသ စာတော် စာရင်း

ပျို့များ

(၁) ပါရမီတော်ခန်းပျို့၊

(၂) တောင်တွင်းလာပျို့၊

(၃) ဆုတောင်းခန်းပျို့၊

(၄) သံဝေဂခန်းပျို့၊●

(၅) ဓမ္မပါလပျို့ (ရေးဆဲ ပျံလွန်တော်မူသောကြောင့် တပည့်ဖြစ်သူ ပုဂံဆရာတော်က ဆက်လက်ရေးသားရာ ၉၁၁ ခုနှစ်၌ ပြီးဆုံး၏။)

(၆) ကမ္ဘာလောင်ပျို့ (စာမူ မတွေ့ရ၊ တိမ်မြုပ်နေသည်။)

(၇) ဗုဒ္ဓုပ္ပတ္တိပျို့ (ပါရမီခန်းပျို့ကိုပင် ဆိုလိုသည်ဟု အချို့ မှတ်သားကြသည်။)

---

● ရှင်မဟာသီလဝံသ ရေးသော ပျို့ မဟုတ်ကြောင်း၊ ဆန်းထွန်း (မန်းတက္ကသိုလ်) က သုံးသပ်ပြခဲ့သည်။ [မောင်သုတ။ စာဆိုတော်များ အတ္ထုပ္ပတ္တိ (၂၀၀၂)၊ စာ (၅၃)၊ အောက်ခြေမှတ်စု။]



mgyoe.com

mgyoe.com

SAMPLE BOOK

**မော်ကွန်းများ**

(၁) တံတားဦးတည် မော်ကွန်း၊
(၂) ရွှေနန်းတည် မော်ကွန်း၊
(၃) ရွှေနန်းကြော့ရှင်နန်းဘွဲ့ မော်ကွန်း၊
(၄) မိတ္ထိလာကန်တော်ဘွဲ့ မော်ကွန်း (သျှိသျှားကန်ဘွဲ့ မော်ကွန်း ဟူ၍လည်း ခေါ်သည်။)

**ဆုံးမစာ လင်္ကာ**

(၁) တိလောက–ချီ လင်္ကာ၊
(၂) မွေးသမိခင်–ချီ လင်္ကာ၊
(၃) အသခ်ါရိက၊ ဉာဏသမ္ဘယော–ချီ မေတ္တာစာ လင်္ကာ၊
(၎င်း အချိုပင် ရှင်မဟာရဋ္ဌသာရ ရေးလည်း ရှိသေး၏။ တခြားစီဖြစ်သည်။)

**ကေပိုဒ် ရတု**

(၁) ဤသို့စုံစီ–ချီ ရှင်မဟာသီလဝံသ ဂုဏ်ပြရတု၊
(၂) ဇာတိသန္ဓေ–ချီ ဒုတိယ ဘုရင်မင်းခေါင်ထံ သွင်းသော မေတ္တာစာရတု၊
(၃) နွယ်လှရိုးတန်–ချီ ယန္တရားစကြာ ရတု။

**အပြည့်ခံ ရတု**

(၁) မဏိဂူဟာ–ချီ ရတု (ရှင်မဟာရဋ္ဌသာရက "တရှိဘူစွာ" ဟု ဖြည့်သည်။)

**ပိုဒ်စုံ ရတု**

(၁) မဏိစိန္တာ–ချီ ရာဇဝသတိခန်း ရတု၊
(၂) အချာပဝရ–ချီ တောင်တွင်းမြို့ဘွဲ့ ရတု၊

**ကျမ်းစာများ**

(၁) ပါရာယနဝတ္ထု၊
(၂) ရာဇဝင်ကျော်၊
(၃) မဟာရဟာနီတိ၊
(၄) နေတ္တိပါဠိတော် နိဿယဟောင်း၊
(၅) ဆုံးမစာ စကားပုံ။


mgyoe.com

mgyoe.com

SAMPLE BOOK

**ကျောက်စာများ**

(၁) ထူပါရုံကျောက်စာ၊

(၂) ရတနာဗိမာန်ကျောင်းတော် ကျောက်စာ၊
(တစ်ကြောင်းလျှင် စာလုံးရေ ၈၀ ခန့်၊ တစ်ဖက်တွင် ကြောင်းရေ ၅၄၊ တစ်ဖက်တွင် ၃၅ ခန့် ရှိသည်။)

ဤရှင်မဟာသီလဝံသ စာတော် စာရင်းမှာ ပြည့်စုံပြီဟု မဆိုလိုပါ။ ကျွန်ုပ်တို့ သိရှိရသမျှသော စာရင်းကိုသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါကြောင်း။

ဟံသာဝတီ

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်မဟာသီလဝံသ

# ပါရာယန ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါန်း

ဘုရားသခင် လက်ထက်၌ သဒ္ဓါကြည်ညိုသော လူသူတော်တို့သည်ကား သားချစ်၊ သမီးချစ်တို့ကို ဤသို့လျှင် ဆုံးမသတတ်။

သားယောကျ်ားကိုတည်း ဆုံးမမူသော်ကား–

ချစ်သားတို့ ... ရဟန်းတည်း ဖြစ်ငြားမူကား သာရိပုတ္တရာ၊ မောဂ္ဂလာန် အရှင်နှစ်ပါးတို့၏ အကျင့်ကို နည်းယူပါကုန်။ အရှင် နှစ်ပါးတို့ကို နှိုင်းရှည့်စရာ မူပါကုန်။

လူတည်းဖြစ်မူကား စိတ္တသူကြွယ်၊ ဟတ္ထာဠဝက သီတင်းဦး ဤယောကျ်ားမြတ် နှစ်ဦးတို့၏အကျင့်ကို နည်းယူပါကုန်ဟု ဆုံးမ၏။

သားမိန်းမကိုတည်း ဆုံးမမူကား–

ချစ်သမီးတို့ ... ရဟန်းတည်း ဖြစ်ပါလေငြားမူကား ခေမာ၊ ဥပ္ပလဝဏ် ရဟန္တာ မိန်းမ နှစ်ပါးတို့၏အကျင့်ကို နည်းယူပါကုန်။

လူတည်း ဖြစ်ငြားမူကား ခုဇ္ဇုတ္တရာ ဒကာမကဲ့သို့ လည်းကောင်း၊ ဝေဠုကဏ္ဍကပြည်၌ နန္ဒမာတာ ဒကာမ ကဲ့သို့ လည်းကောင်း ဖြစ်ပါချင်၏။ မိန်းမမြတ် နှစ်ပါးတို့၏ အတုကို သင်ပါကုန်ဟု ဆုံးမ၏။ ဤသို့လျှင် မြတ်သောအမျိုးတို့သည် သားသမီးတို့ကို ဆုံးမစရာပုံ မူကုန် သတတ်။



mgyoe.com

mgyoe.com SAMPLE BOOK

၁။ ရဟန္တာယောကျ်ား နှစ်ယောက်၊

၂။ ရဟန္တာမိန်းမ နှစ်ယောက်၊

၃။ လူအရိယာသူမြတ် ယောကျ်ားနှစ်ယောက်၊

၄။ လူအရိယာသူမြတ် မိန်းမနှစ်ယောက်၊

ဤအရိယာသူမြတ် ရှစ်ယောက်သောသူတို့ကို ပုံမှု၍ သားသမီးတို့အား ဆုံးမပေးစရာ ပြုကုန်သည် ဟူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရဟန်းပြုသူတို့ နည်းယူ လိုက်နာရန်

# အခန်း (၁)

## အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အတိတ်ဝတ္ထု

**၁။ အရှင်သာရိပုတ္တရာ ဗျာဒိတ်ခံတော်မူရခြင်း အကြောင်း**

ဤသူမြတ် ရှစ်ယောက်တို့ ကျင့်သော ဆုတောင်းပတ္ထနာ အမှုအရာကား ဤသို့တည်း။

ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်း အသင်္ချေထက်၌ အနောမဒဿီ မည်သော ဘုရား ဖြစ်တော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာကား တစ်နေ့တွင်သော် အသပြာငွေအတိ ဆယ်တင်းဝင်၍ ဆယ်တင်း အသုံးအစွဲထုတ်သော ပုဏ္ဏားအမျိုး၌ ဖြစ်၍ "သရဒလုလင်" ဟု အမည်တွင်၏။ အရှင်မောဂ္ဂလာန်ကား တစ်နေ့တွင်သော် အသပြာငွေ ငါးတင်းဝင်၍ ငါးတင်း အသုံးအစွဲထုတ်သော အသည်သူကြွယ် အမျိုး၌ ဖြစ်၍ "သိရိဝဍ္ဎနသူကြွယ်" ဟု အမည်တွင်၏။

သရဒလုလင်နှင့် သိရိဝဍ္ဎနသူကြွယ် ဤနှစ်ယောက်ကား ငယ်ကလျှင် အချစ်ဖြစ်ကြ၍ ကစားဖော်တည်း။ သရဒလုလင်ကား ခမည်းတော်လွန်လေလျှင် ခမည်းတော်ဥစ္စာ ပရိက္ခရာကို သိမ်းပကား၏*။ သုမေဓာလုလင်ကဲ့သို့ ဆိတ်ငြိမ်ရာအရပ်၌နေလျက် အကြံရ၍ 'ဤမျှလောက်သော ဥစ္စာကား ရှိရစ်သတည်း၊ ဥစ္စာရှင်များကား မရှိကုန်ပြီတကား၊ ငါလည်း ဥစ္စာကိုစွန့်၍ သွားရအံ့သည် ဧဧ်းတကား၊ သေဘေးမှ လွတ်ရအံ့သော

* သိမ်းပကား၏ = သိမ်းပိုက်၊ သိမ်းမြန်း၊ သိမ်းဆည်း၏။



mgyoe.com

mgyoe.com SAMPLE BOOK
အကြောင်းကိုလျှင် ငါ ရှာအံ့' ဟု ခင်ပွန်း သီရိဝမုနကို တိုင်ပင်လေသတတ်။ သီရိဝမုနလည်း ရဟန်း ငါမပြုတတ်အားခဲ့၊ ငါ့ခင်ပွန်းလျှင် ရဟန်းပြုလေကာမူ ဟူ၏။ သရဒလုလင်လည်း 'သံသရာသို့ သွားသောသူသည်လျှင် အဖော်ရှာ၍ သွားဖူးသသူ ရှိတုံအံ့လော၊ မိမိပြုသော ကောင်းမှုကိုသာတည်း အဖော်မူ၍ သွားတုံအံ့' ဟု ဥစ္စာ ရတနာ ရှိသမျှကို တိုက်တာလှစ်၍ ကုန်အောင်စွန့်ခဲ့ပြီးမှ ရသေ့မူလေ၏။ ရသေ့ဖြစ်တပြီးကား "သုရုစိရသေ့" ဟုတွင်၏။ ထိုရသေ့ကို ရှေ့တည်မူ၍ နောက်ပြီး ရသေ့ပြု ပါလာကုန်သည်ကား ခုနစ်သောင်းလေးထောင်လျှင် တပည့်ရသေ့ ဖြစ်ကုန်သတည်း။ သုရုစိရသေ့က စသည် ရသေ့ ဟူသမျှတို့ကား အဘိညာဉ်တန်ခိုး ဈာန်သမာပတ်နှင့် ပြည့်စုံကုန်သည်ချည်း။ ကောင်းကင်သွားသော ရသေ့တို့ သစ်နက်ရေ၊ လျှော်တေအသံ ရတ်ရတ်သဲသဲ ဖြစ်၍ နတ်တို့ နှစ်လိုဝမ်းမြောက်စွာလျှင် ဖြစ်သတည်း။

ထိုအခါ အနောမဒဿီ ဘုရားသခင်ကား "သုရုစိရသေ့ရှိရာ ငါ သွားသဖြင့် သုရုစိရသေ့လည်း လက်ယာရံ တပည့်သားမြတ်ဆုကို တောင်းအံ့သတည်း၊ သီရိဝမုန သူကြွယ်လည်း လက်ဝဲရံဆုကို တောင်းအံ့သတည်း၊ ခုနစ်သောင်း လေးထောင်သော ရသေ့ ဟူသမျှလည်း ရဟန္တာ ဖြစ်ကုန်အံ့သတည်း" ဟု မြင်တော်မူ၍ သုရုစိရသေ့ ရှိရာ တစ်ယောက်တည်း သွားတော်မူလေ၏။ သုရုစိရသေ့ မြင်စဉ်လျှင် ကောင်းကင်မှသက်၍ မြေ၌ ရပ်တော်မူလေ၏။

သုရုစိ ရသေ့လည်း ဗေဒင်၌ လက္ခဏာ ကျမ်းဂန်ကို မှီသောအားဖြင့် "ဤသူမြတ်ကား မချွတ်လျှင် သဗ္ဗညု ဘုရားတည်း" ဟု သိ၍ ခရီးဦး ကြိုဆိုလျက် တင့်အပ်စွာ နေရာတော်ခင်း၍ နေစေ၏။ တပည့်ရသေ့များလည်း တောဝယ် သစ်သီးယူချေ၍ ရပြီးသော် ဆရာရသေ့အထံသို့ ရောက်လာကုန်၏။ ရသေ့များလည်း ဆရာရသေ့ ရှိသေသည်ကို အကြောင်းပြု၍ ဘုရားသခင်ကို ရှိသေကုန်၏။ သုရုစိ ရသေ့လည်း ဆွမ်းဘုဉ်းပေးကာ တန်လတ်သော် သစ်သီးဖြင့် ဘုရားသခင်ကို လုပ်ကျွေး၏။

ဘုရားသခင်လည်း "တပည့်သား လက်ယာရံ လက်ဝဲရံနှင့်အကွ* သံဃာအပေါင်း လာစေသတည်း" ဟု ကြံတော်မူ၏။ ထိုအခါလျှင် ဘုရားသခင် လက်ယာရံ လက်ဝဲရံ ဖြစ်သော အဂ္ဂသာဝက တို့သည်ကား ရဟန္တာ

* အကွ = တတွ အတူ။


mgyoe.com

mgyoe.com SAMPLE BOOK

အသိန်းနှင့်အကွ ရောက်လာကုန်၏။ သုရုစိရသေ့လည်း တပည့်ရသေ့တို့ကို အဆင်းအနံ့နှင့် ပြည့်စုံသော ဆန်းကြယ်သော ပန်းတို့ကို တန်ခိုးဖြင့် တစ်ခဏချင်း ယူလာစေ၍ တပည့်သားတော် အသိန်းအသန်းနှင့်အကွသော ဘုရားသခင်အား မြတ်သော ပန်းနေရာကို ခင်း၏။ ဘုရားသခင်နေရာကား တစ်ယူဇနာ ဟူ၏။ လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝက နှစ်ယောက် နေရာကား သုံးဂါဝုတ် ရှိ၏။ တပည့် သားတော်အကြီး နေရာကား ယူဇနာခွဲ သဃ်နေ့ာ* အဆုံး၏နေရာကား တစ်ဥသဘ ဟူ၏။

သုရုစိရသေ့ကား ပန်းနေရာ၌နေသော အနောမဒဿီ ဘုရားကို လက်အုပ်ချီလျက် ဤသို့ ချီးမွမ်း၏။ 'သဗ္ဗညုတရားမင်းဘုရား ... သမုဒ္ဒရာရေကို ခွက်ကွန်းစာနှင့် ချင့်တွက်သော်လည်း ချင့်တွက်နိုင်ရာ၏။ အရှင်ဘုရား သိတော်မူသော ကျေးဇူးပညာတော်ကိုသော်ကား မချင့်တွက်နိုင်ရာ။ မြေကြီး အလုံးစုံကို စင်းချိန်ခွင်နှင့် ချိန်ငြားအံ့ ချိန်နိုင်ရာ၏။ အရှင်ဘုရား ပညာတော်ကိုသော်ကား မချိန်နိုင်ရာ သလျှင်ကတည်း။ ဤကောင်းကင်ပြင် အလုံးကို ကြိုးလက်သစ်ဖြင့် တိုင်းထွာနိုင်အံ့ ထင်၏။ အရှင်ဘုရား၏ ပညာတော်ကိုသော်ကား မတိုင်းထွာနိုင်သလျှင်ကတည်း။ ရှစ်သောင်းလေးထောင် မြင်းမိုရ်တောင်ကို အဏု မည်သော မြူရှိရှိ အမှုန့်ပြု၍ ပညာတော် ကုဋေတစ်သိန်း စေ့မှ အဏုမြူရှိ တစ်လုံးကို ကန်နုတ်ထားသော်လည်း မြင်းမိုရ်တောင်အလုံး ကုန်လေရာ၏။ အရှင်ဘုရား ပညာတော်ကား ထိုသို့ ကျုံး ချသော်လည်း အတိုင်းအရှည်မရှိ သလျှင်ကတည်း။ မြင်းမိုရ်တောင်၊ သမုဒ္ဒရာရေ၊ မြေကြီး၊ ကောင်းကင် ဤလေးပါးတို့သည်ကား ဘုရားသခင် ပညာတော်တွင် ဥပမာမထိုက်သလျှင်ကတည်း' သုရုစိ ရသေ့ကား အနောမဒဿီ ဘုရားသခင်တွင် ပန်းနေရာ ပူဇော်၍ ဤယခု ဆိုခဲ့ပြီးသော ချီးမွမ်းခြင်း လေးပါးဖြင့် ချီးမွမ်းသတည်း။

မြတ်စွာဘုရား ပန်းနေရာ၌ ခုနစ်ရက်တိုင်တိုင်လျှင် နေတော်မူ၏။ သုရုစိရသေ့လည်း ခုနစ်ရက်တိုင်တိုင်လျှင် ပန်းထီးကိုင်လျက် ဘုရားသခင်ကို ကာ၍နေ၏။ အနောမဒဿီ ဘုရားမြတ်စွာလည်း "ဤရသေ့အား အကျိုးများစေ" ဟု နိရောဓသမာပတ်† ခုနစ်ရက် ဝင်စားတော်မူ၏။ အဂ္ဂ

---

* သဃ်နေ့ာ = သံဃနဝက–အငယ်ဆုံးသံဃာ။

† နိရောဓသမာပတ် = စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ငြိမ်းအောင်ပြုခြင်း။ (၎င်းသမာပတ်ကို ရှာန်ရသော အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်သည်။)


mgyoe.com

mgyoe.com SAMPLE BOOK
သာဝက နှစ်ယောက် အစရှိသော တပည့် သားတော်များလည်း သမာပတ် ဝင်စားကုန်၏။ ရသေ့များတို့ကား အခါတန်လျှင် သစ်သီးဝလံ ရှာ၍ စား၏။ သုရုစိရသေ့သော်တစ်မူကား ခုနစ်ရက်ပတ်လုံးလျှင် အစာမစားဘဲ နှစ်လိုခြင်း ချမ်းသာခြင်းဖြင့် လွန်၏။

အနောမဒဿီ ဘုရားသခင်လည်း လက်ယာရံ ဖြစ်သော တပည့် သားတော် နိသဘထေရ် အရှင်ကို 'ရသေ့တို့အား ပန်းနေရာ အနုမောဒနာ ဟောပေ' ဟု တိုက်တွန်း၏။ အရှင် နိသဘထေရ်လည်း အနုမောဒနာ ပြု၏။ လက်ယာရံ အနုမောဒနာ ပြုပြီးသော အဆုံး၌ လက်ဝဲရံ အနောမ ထေရ်အရှင်ကို 'ရသေ့တို့အား တရားဟောပေ' ဟု တိုက်တွန်း၏။

အရှင် အနောမထေရ်လည်း တရားဟောပေ၏။ [အဂ္ဂသာဝက နှစ်ပါး ဟောသောအခါ တစ်ယောက်မျှ မကျွတ်။ ထိုနောက် မြတ်စွာဘုရား ဟောတော်မူလေ၏။] ခုနစ်သောင်း လေးထောင်သော ရသေ့များတို့လည်း ရဟန္တာချည်း ဖြစ်ကုန်၍ ဧဟိဘိက္ခု ခေါ်တော်မူ၏။ သုရုစိရသေ့သော်တစ်မူကား နှလုံးကွက်*သောကြောင့် ရဟန္တာ မဖြစ်။ နိသဘထေရ်အရှင်သည် ပန်းနေရာ အနုမောဒနာ ဟောလျှင် "နောင်အခါ ဘုရားလက်ထက်၌ အရှင် ထမ်းသော ဝန်ကဲ့သို့ ငါ ထမ်းချင်၏" ဟု အကြံရှိသတည်း။ ထိုသို့ အကြံကွက်သောကြောင့် တပည့်ရသေ့များနှင့်အတူ အလျှင်မကျွတ်သတည်း။

သုရုစိရသေ့လည်း 'အရှင်ဘုရား အနီး၌နေသော ပန်းအနုမောဒနာ ပြုသော အရှင်ကား အဘယ်အရှင်နည်း' ဟု မေး၏။ အနောမဒဿီ ဘုရားမြတ်စွာလည်း 'ငါ ဟောသော ဓမ္မစကြာ တရားကို ငါနှင့်အတူ ဟောတတ်သည့် တပည့်သားကြီး ဖြစ်ရာသော သာဝက ပါရမီဉာဏ်ကို အပြီးတိုင်၍ သင်္ချာလေးပါး၏ အနက် တစ်ဆယ့်ခြောက်ပါးကို သိမြင်ပြီးသော သာသနာတွင် အဂ္ဂသာဝက ဖြစ်သော နိသဘမထေရ် မည်၏' ဟု ကြားတော်မူပေ၏။ သုရုစိရသေ့လည်း 'ခုနစ်ရက်တိုင်တိုင် ပန်းထီးကာသော ကောင်းမှုဖြင့် တစ်ပါးသော သိကြား၊ ဗြဟ္မာ အဖြစ်ဆုကို အကျွန် မတောင်း၊ နောင်သောအခါ၌ နိသဘမထေရ်ကဲ့သို့ ဘုရားသခင်တစ်ဆူ၏ တပည့် သားမြတ် ဖြစ်လေချင်၏' ဟု ဆုတောင်း၏။

---

[ ] ခ-မူ၌သာ ပါ၍ က-မူ၌ မပါ။

* နှလုံးကွက် = ဟောကြားအပ်သော တရားတော်၌ စိတ်နှလုံး မသက်ဝင်။ (တရားတော်၌ စိတ်မဝင်စားမှု၍ နိသဘထေရ်ကဲ့သို့ လက်ယာရံ အဂ္ဂသာဝက ဖြစ်လိုခြင်း၌သာ စိတ်စောနေခြင်းကြောင့် တရား တခြား၊ စိတ် တခြား ဖြစ်နေသည်ဟု ဆိုလိုသည်။)


mgyoe.com

mgyoe.com SAMPLE BOOK

အနောမဒဿီဘုရားလည်း ဆုတောင်းတိုင်း ပြည့်စုံလတ္တံ့သည်ကို မြင်၍ 'တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း လွန်လေသောအခါ၌ ဂေါတမဘုရား ဖြစ်လတ္တံ့၊ ထိုဘုရား၏ လက်ယာရံ သာရိပုတ္တရာ ဖြစ်လတ္တံ့၊ ပန်းနေရာ ပူဇော်၍ ပညာကို ဤသို့ ချီးမွမ်းဖူးသောအားဖြင့် ကမ္ဘာတစ်သိန်း တိုင်အောင်လျှင် နတ်ပြည်၌သာ အဖြစ်တပါး မလားလျှင်းပဲ မွေ့လျော်ရလတ္တံ့သတည်း၊ နတ်မင်းကြီး အဖြစ် တစ်ထောင်စေ့အောင် ဖြစ်၍ နတ်ပြည်ကို အစိုးရလတ္တံ့၊ စကြဝတေးမင်း အဖြစ်လည်း တစ်ထောင်စေ့အောင် ဖြစ်လတ္တံ့၊ ပဒေသရာဇ် ဒီပရာဇ် အဖြစ်သော်ကား မရေတွက်နိုင်အောင် ဖြစ်လတ္တံ့၊ အဆုံးစွန်သော အဖြစ်၌ကား ဂေါတမဘုရား၏ လက်ယာရံ သာရိပုတ္တရာ ဖြစ်၍ ပညာကြီးသောအရာ၌ ဧတဒဂ်ရလတ္တံ့၊ သမုဒ္ဒရာရေ တံပိုးတို့သည် မရေတွက်နိုင် အတိုင်းအရှည် မရှိသကဲ့သို့ ဟိမဝန္တာ၌ရှိသော သလဲ၊ သမုဒ္ဒရာ၌ရှိသော သလဲ တို့သည် အတိုင်းအရှည် မရှိ မရေမတွက်နိုင်သကဲ့သို့ သာရိပုတ္တရာ၏ ပညာလည်း အဆုံးမရှိသည် ဖြစ်လတ္တံ့သတည်း' ဤသို့လျှင် သုရုစိရသေ့အား ဗျာဒိတ် ကြားတော်မူပေ၍ ကောင်းကင်ပြင်ဖြင့် ကျောင်းတော်သို့ ကြွတော်မူလေ၏။

## ၂။ အရှင်မောဂ္ဂလာန်အလောင်း အနောမဒဿီဘုရားထံ ဗျာဒိတ်ခံတော်မူရခြင်း အကြောင်း

သုရုစိရသေ့လည်း ခင်ပွန်း သိရိဝမုန သူကြွယ်သို့ 'အနောမဒဿီ ဘုရားသခင် အထံ၌ အဂ္ဂသာဝက ဆုတောင်းသော အဖြစ်ကို ကြားလေစေ၏။ ငါ့ခင်ပွန်းလည်း လက်ဝဲရံဆုကို တောင်းလေလော့' ဟု မှာလိုက်၏။ သုရုစိရသေ့လည်း ကိုယ်တိုင်လာ၍ သိရိဝမုန သူကြွယ်ထံသို့ သွားလေ၍ အနောမဒဿီ ဘုရားသခင်ကို တွေ့သည်မှစ၍ တပည့်သား ကုန်အောင် ရဟန္တာ ဖြစ်သည်၊ အဂ္ဂသာဝက ဆုကို မိမိ တောင်းသော အကြောင်းကို ခင်ပွန်း သူကြွယ်အား ကြားပေ၏။ ငါ့ခင်ပွန်းလည်း လက်ဝဲရံဆုကို တောင်းလော့ ဟု ဆုတောင်း တိုက်တွန်း၏။

သိရိဝမုန သူကြွယ်လည်း ဘုရားသခင်အား ပူဇော်သကာ ပြုလိုသော၄ာ ရှစ်မင်းပယ်* စားလောက်သော မြေအရပ်ကို တန်ဆာဆင်၏။

* ရှစ်မင်းပယ် = တစ်ဆယ့်တစ်စိတ်သည် တစ်အမွှာ မည်၏။ လေးအမွှာ မျိုးကြဲလောက်သော အရပ်သည် တစ်ပယ် မည်၏။ ထိုဝယ်ဖြင့် ရှစ်ပယ်ရှိသော အရပ်။

mgyoe.com SAMPLE BOOK
ကြာညိုပန်းအတိ မိုးသော မဏ္ဍပ်ကနား ပြု၍ သုရုစိရသေ့ကို ဆွမ်းဖိတ် စေလို၍ တပည့်သားတော် သံဃာနှင့်အကွသော အနောမဒဿီ ဘုရားအား မဏ္ဍပ်ကနား၌ မြတ်သော လုပ်ကျွေးခြင်းဖြင့် လုပ်ကျွေး၍ သက်န်းအလို့ငှာ မွန်မြတ်စွာသော ပုဆိုး ပရိက္ခရာ များစွာလှူ၍ ခုနစ်ရက်တိုင်အောင်လျှင် ဆွမ်းလုပ်ကျွေး၏။ 'နောင်သောအခါ ဂေါတမ ဘုရားသခင်၏ လက်ဝဲရံ ဖြစ်ချင်၏' ဟု ဆုတောင်း၏။ အနောမဒဿီ ဘုရားလည်း 'ဂေါတမ ဘုရားသခင် ဖြစ်လတ်သောအခါ လက်ဝဲရံ ဖြစ်လတ္တံ့သတည်း' ဟု ဗျာဒိတ် ကြားတော်မူပေ၏။ သီရိဝမုန သူကြွယ်ကား ထိုအဖြစ်၌ အသက်ရှည်သရွေ့ ကုသိုလ်ပြုသော် နတ်ပြည်သို့ဖြစ်လေ၏။ သုရုစိရသေ့သော်တစ်မူကား ဈာန်သမာပတ် တရား၏ အာနုဘော်အားဖြင့် ဗြဟ္မာပြည်သို့ ဖြစ်လေ၏။

[သုရုစိရသေ့ကား သံသရာဝယ် ကျင်လည်၍ အဖြစ်ငါးရာမျှလောက် ကြွယ်ဝ ချမ်းသာစွာသော ပရိက္ခရာ ဥစ္စာတို့ကို စွန့်၍ ရသေ့ရဟန်း ပြုဖူးသည် ဟူ၏။ သီရိ ဝမုန သူကြွယ်လည်း သုရုစိရသေ့ကဲ့သို့ လည်းကောင်း၊ အဖြစ်ငါးရာမျှလောက် ဥစ္စာ စည်းစိမ်ကို စွန့်၍ ရသေ့ရဟန်း ပြုဖူးသည် ဟူ၏။]

## အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် ပစ္စုပ္ပန်ဝတ္ထု

### ၃။ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် ရှင်မောဂ္ဂလာန် အလောင်း ကောလိတတို့ ဖွားခြင်းအကြောင်း

သူမြတ်နှစ်ယောက်တို့သည်ကား ကမ္ဘာကြီး တစ်သင်္ချေနှင့် တစ်သိန်း လွန်၍ ဤဘဒ္ဒကပ်ကမ္ဘာထက်၌ ငါတို့ ဘုရားသခင် ဂေါတမ ဖြစ်တော်မမူမီ ရှေးဦးစွာ၌ ရာဇဂြိုဟ်ပြည်၏အနီး ဥပတိဿ မည်သောရွာ၌ ရူပသာရီ ပုဏ္ဏေးမဝမ်း၌ သုရုစိရသေ့ ပဋိသန္ဓေ နေလှာ၏။ ထိုသုရုစိ ပဋိသန္ဓေ နေသောနေ့၌ ငင်းလျှင် သီရိဝမုန သူကြွယ်လည်း ရာဇဂြိုဟ်ပြည်၏အနီး ကောလိတ မည်သောရွာ၌ မောဂ္ဂလီ မည်သော ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေ ယူလှာ၏။ ဖွားသော်လည်း အတူ ဖွားကြကုန်၏။ ထိုသူမြတ်တို့ မိဘ နှစ်ပါးတို့သည်လည်း အမျိုးခုနစ်ဆက်ကလျှင် အစဉ်မပြတ် အချစ်အခင် သဟဲ မိတ်နှင်နှင် ဖြစ်ကြကုန်သတတ်။ ဥစ္စာလည်း ကုဋေငါးရာနှင့် ကုဋေ ခြောက်ဆယ် နှင်နှင် ကြွယ်ဝကြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

သတို့သား နှစ်ပါးတို့ကို ဖွား၍ အမည်ပေးသောအခါ သုရုစိရသေ့ကား ရူပသာရီ ပုဏ္ဏေးမသား ဖြစ်၍ ဥပတိဿ မည်သော ရွာ၌ အကြီးဖြစ်ရကား လူအမည်ကား "ဥပတိဿ" ဟု ရွာမည် တွင်၏။ ရဟန်းဖြစ်တပြီးကား မယ်တော်အားဖြင့် "သာရိပုတ္တရာ" ဟု တွင်၏။ အရှင်တစ်ယောက် အလောင်းကို ကောလိတရွာ၌ အကြီးအမျိုးသား ဖြစ်သောကြောင့် "ကောလိတ" ဟု တွင်၏။ ရဟန်းဖြစ်တပြီးကား မယ်တော့် အားဖြင့် "မောဂ္ဂလာန်" ဟု တွင်၏။ ဥပတိဿ သတို့သားကား အဆင်း အနံ့နှင့် ပြည့်စုံသော ပန်းနေရာ ပန်းထီး လှုဖူးသောကြောင့် လိပ်သရွှေပွင့် အဆင်းကဲ့သို့ ကိုယ်၏အဆင်း အဝါ တင့်တယ်၏။ ကောလိတ သတို့သားကား ဆုတောင်းဦးသောအခါ မဏ္ဍပ်ကနားကို ကြာညိုပန်းဖြင့် မိုးဖူးသောကြောင့် ကြာညိုအဆင်းကဲ့သို့ အဆင်းအဝါ ညို၏။ ရဟန်း ဖြစ်ပြီးသော အခါလည်း တိမ်ညိုထစ်ကဲ့သို့ တန်ခိုးအရာ၌ ကြိမ်းပ* တတ်သည်ဟု ချီးမွမ်းစရာ ဖြစ်သတည်း။

ဥပတိဿ သတို့သား ခမည်းတော် အမည်ကား ဝင်္ကန္တ ပုဏ္ဏားဟု တွင်၏။ မယ်တော် အမည်ကား ရူပသာရီ ပုဏ္ဏေးမဟု တွင်၏။ သံသရာတွင် ရဟန္တာ ခုနစ်ယောက် အမိ ဖြစ်ဖူးသည် ဟူ၏။ သားချင်း ခြောက်ယောက် ရှိ၏။ ညီတော် သုံးယောက်။

(၁) ဥပသေန ဟု တစ်ယောက်၊

(၂) စုန္ဒ ဟု တစ်ယောက်၊

(၃) ရေဝတ ဟု တစ်ယောက်၊

ဤသုံးယောက်တည်း။ နှမတော် သုံးယောက်ကား– ဇာလာ၊ ဥပဇာလာ၊ သိသုပဇာလာ** ဟု သုံးယောက်တည်း။

ဤသတို့သား နှစ်ယောက်တို့ကား ဗေဒင်အတတ်ပညာကို အပြီးအစီးတိုင်အောင် သင်၍ တတ်ကုန်သည်ချည်း။ ဥပတိဿလုလင် သွားလာသမျှ အခါ၌ ရွှေထမ်းစင်စီး ငါးရာ နောက်လိုက်ပါ၏။ ကောလိတလုလင် သွားလာသမျှ အခါ၌ကား အသဇာနည်မြင်း က သော ရထားစီးငါးရာ နောက်လိုက်ပါ၏။

---

* ကြိမ်းပ = မိမိဂုဏ်ကို ထုတ်ဖော်ကြွေးကြော်သည်။

** ဇာလာ၊ ဥပဇာလာ၊ သိသုပဇာလာ ဟု ခ–မူ၌ ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၄။ ဥပတိဿနှင့် ကောလိတ သတို့သားတို့ တောင်ထိပ်သဘင် ပျော်ရွှင်ရာ၌ သံဝေဂရခြင်း အကြောင်း

ရာဇဂြိုဟ်ပြည်၌ နှစ်တိုင်းလျှင် တစ်နှစ်တစ်ခါ တောင်ထိပ်သဘင်ဟု ပွဲကြီး ဖြစ်သတတ်။ လုလင်နှစ်ပါးတို့သည်လည်း ဆုလာဘ်သပ်ပကာ ပေးကမ်း ဖွယ်ကို ဆုလာဘ်ပေးလျက် ထိုသဘင်ကို ကြည့်ရှုသတတ်။ ပညာရင့်သော အခါ ရောက်လတ်ရကား ကြည့်ရှုကြစဉ်လျှင် နှစ်ယောက်စုံ ဤသို့ အကြံ ဖြစ်၏။ "သြော် ... ဤသဘင်၌ ကြည့်ရှုအပ်သည် မရှိ၊ ဤကုန်အောင် စုံသော ပွဲများအလုံး လူများသည်ကား မသေပဲ နေအံ့သသူကား တစ်ယောက် မျှ မရှိ၊ သေဘေး ရောက်လတ္တံ့သည်ချည်း၊ ကုန်အောင်စုံလျှင် သေပျောက် လတ္တံ့သည်ချည်းတကား၊ ဤသို့လျှင် သေလတ္တံ့သသူများ၏ အပုံအရင် ကြီးစွာကို မြင်သော် ထိတ်လန့်ခြင်းဖြစ်၍ သေဘေးမှ လွတ်တတ်သော အကျင့်ကိုလျှင် ရှာကောင်းစွတကား" ဟု နှစ်ယောက်စုံလျှင် အကြံ ဖြစ် သတည်း။

မိမိ မိမိ အကြံကို မေးကြလတ်၍ သိလပြီးသော် "ငါတို့ ကြံသော အကြံကား ကောင်းသော အကြံလျှင်တည်း။ သေဘေးမှ လွတ်လတ်သော ကောင်းသောအကြံကို ကြံသောသူ မည်သည်ကား ရသေ့ ရဟန်း အကျင့်ကို ကျင့်သောသူ ဖြစ်ရာ၏။ ရဟန်းလျှင် ငါတို့ ပြုကောင်း" ဟု ကြံကြ၍ သဉ္စယ မည်သော မိစ္ဆာဒိဋ္ဌိ အထံ၌ ပရိဗိုဇ်ရဟန်း ဖြစ်ပါကုန်၏။ နှစ်ယောက် တွင် လုလင်ငါးရာ နောက်လိုက်ပါလေ၏။

သူမြတ်အလောင်း နှစ်ယောက်ကား ပညာရင့်သောသူချည်း ဖြစ်၍ သဉ္စယ မိစ္ဆာဒိဋ္ဌိ၏ အလိုအလက် အမူအကျင့်ကို စူးစမ်းလတ်သော် သေ ဘေးမှ လွတ်လတ္တံ့သောအကျင့် မဟုတ်သောကြောင့် အကျိုးမရှိ ဖြစ်ခဲ့ ရကား "သေဘေးလွတ်အောင် ဟောမိန့်သော ဆရာကို ဇမ္ဗူဒီပါ ကျွန်း အပြင် ကျယ်သောကြောင့် မချွတ်ရရာ၏" ဟု ဖွေနှည်စူးစမ်းလတ်သော် တည့် ကျွန်းပြင်အလုံး ရှာ၍မရခဲ့ရကား ဥပတိဿကား ကောလိတကို ဤသို့ အမှတ်ပေး၏။ "ငါတို့ နှစ်ယောက်တွင် အကြင်သူသည် သေဘေးမှ လွတ်လအံ့သော အမြိုက်တရားကို သိ၏။ သိဦးသော သူသည်လျှင် မသိ ပါသေးသောသူကို ကြားစေသတည်း" ဟု ကတိကဝတ် အမြဲ ဆုံးဖြတ် ကြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

## ၅။ ဥပတိဿ ပရိဗိုဇ်သည် ရှင်အဿဇိနှင့် တွေ့ဆုံသောအကြောင်း

ထိုသောအခါ ငါတို့ဘုရား သဗ္ဗညုကား ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ တိုင်၍ ကဆုန်လဆုတ် တစ်ရက်ကသည် ပြာသိုလပြည့်နေ့ တိုင်ရုံ့သော်လျှင် ရှစ်လ ဖြစ်၏။ ပြာသိုလဆုတ် တစ်ရက်နေ့လျှင် ရာဇဂြိုဟ်ပြည်သို့ အစရောက်တော် မူလှာသတည်း။ ဗာရာဏသီပြည်တွင် ဓမ္မစကြာတရား ဟော၍ ဝါဆိုခဲ့၍ ဝါကျွတ်သတင်းထွက် တစ်ရက်၌ ပဉ္စဝဂ္ဂီ ငါးယောက်၊ ယသ သတို့သား၏ အဖော်အဖက် ဖြစ်သော ငါးကျိပ်ငါးယောက်၊ ဤ ခြောက်ကျိပ်သော သူတို့ကို ရွာကြီးရွာငယ်တိုင်း လှည့်လည်၍–

> တရားတံခွန်ကို ဆောက်လေကုန်၊ ပစ္စည်းလေးပါး သဂြိုဟ်၍ ကျေးဇူးတင်သော ဒါယကာတို့ကို တရားဟောခြင်းဖြင့် ကျေးဇူးဆပ်လေကုန်၊ ခရီးတစ်ကြောင်းကို နှစ်ယောက် မသွားလေကုန်နှင့်၊ အကွဲကွဲ သွားကြလေ၍ မြေပြင်နှံ့လေစေကုန်၊ ဒါယကာတို့အား ကုသိုလ်ကောင်းမှုပွားစေအောင် စီးပွားကျင့်လေကုန်။

ဟု တစ်ယောက်မကြွင်း လွှတ်တော်မူလိုက်၏။

ထိုခြောက်ကျိပ်မျှသော အရှင်တို့တွင် ပဉ္စဝဂ္ဂီ ငါးယောက် အရှင်၏အပေါင်း ဖြစ်သော အဿဇိ မည်သော အရှင် ရဟန္တာထေရ်သည် ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံလာသတည်း။ ဥပတိဿ ပရိဗိုဇ် ရဟန်းကား ထိုအရှင် အဿဇိကို မြင်လျှင် "လူ့အရပ်၌ ရဟန္တာ ဟူသည် လည်းကောင်း၊ ရဟန္တာ အကျင့်ကို ကျင့်သောသူ ဟူသည် လည်းကောင်း ဤအရှင် ကဲ့သို့သော သူကိုလျှင် ဆိုသည် ဖြစ်အံ့သတည်း" သို့ကြံ၍ "အရှင်ကား အသူ့ကို ရည်၍ ရဟန်းပြုသနည်း၊ အရှင့်ဆရာကား အသူနည်း၊ အသူ့ အဆုံးအမကိုလျှင် အရှင် ကြိုက်နှစ်သက်သနည်း" ဟု အရှင် အဿဇိကို မေးအံ့ကြံ၍ "ဆွမ်းခံစဉ် မေးခါမဟုတ်သေး" ဟူ၍ ဥပတိဿလည်း အစဉ်တစိုက်လျှင် နောက်ပင်လိုက်၍ အရှင်အဿဇိ နေလေရာအရပ်၌ ပရိဗိုဇ် ရဟန်းတို့၏ အကျင့်သည် နေစရာပျဉ်ငယ် ပါစမြဲ ဖြစ်သောကြောင့် နေစရာပျဉ်ငယ်ကို အရှင်အဿဇိအား ခင်း၏။ မိမိ ကရား၌ပါသော ရေကိုလည်း အရှင်အဿဇိအား သုံးစွဲစေ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ယခင်ကြံတိုင်းကို အရှင်အဿဇိကို မေးလေ၏။ အရှင်အဿဇိလည်း "ငါ့ဆရာကား သာကီဝင်မင်းသား မဟာသမဏတည်း၊ ငါကား ထိုဘုရားကို ရည်၍ ရဟန်းပြု


mgyoe.com

mgyoe.com SAMPLE BOOK
သတည်း၊ ထိုဘုရား၏ အဆုံးအမကိုလျှင် ငါ ကြိုက်နှစ်သက်သတည်း' ဟူပေ၏။

ဥပတိဿလည်း 'အရှင့်ဆရာကား အဘယ်သို့ အယူရှိသနည်း' ဟု မေး၏။ အရှင်အဿဇိလည်း "ပရိဗိုဇ်ရဟန်း မည်သည်ကား အယူ မှားသော မိစ္ဆာဒိဋ္ဌိ ဖြစ်၍ ဘုရားသခင် အဆုံးအမတော်နှင့် ဆန့်ကျင်ဘက်တည်း။ ဘုရားသခင် အဆုံးအမတော်၏ အလွန်နက်နဲသော အဖြစ်ကိုလျှင် ငါ ပြဦးကောင်း၏" ဟု နှလုံးပိုက်၍ ကိုယ်တော်သည် ရဟန္တာမွန် ဖြစ်လျက် ကိုယ်တော်ကို ညှဲ့၍* 'ဥပတိဿ ငါကား အသစ်ပင် ရဟန်းပြုပါသည်၊ မမြင့်သေးဖြစ်၍ ဘုရားသခင် ဆုံးမတော်ကို အကျယ်ချဲ့၍ များများ မဆို တတ်အားနိုင်ပါသေး' ဟု ဆိုပေ၏။ ဥပတိဿလည်း 'အကျွန်ုပ်ကား ဥပတိဿဟု အမည်တွင်သော သူတည်း။ အရှင် တတ်အားသောအလျောက် အနည်းဖြစ်စေ အများဖြစ်စေ ဆိုတော်မူကာမူ အထူးထူးသော နည်းအရာ ဖြင့် လည်းကောင်း၊ နည်းအထောင်ဖြင့် လည်းကောင်း သိအောင် မှုအံ့ သည်ကား အကျွန်ုပ် အစွမ်းတည်း။ အခွန်း† နည်းသည် များသည် အကြောင်း မဟုတ်၊ အကျိုးလျှင် အကြောင်းတည်း' ဟု တောင်းပန်၏။ အရှင်အဿဇိ ကား တစ်ဂါထာကို ရွတ်ပေ၏။ တစ်ဂါထာ၏ အနက်ကား ဤသို့တည်း။

၁။ ခန္ဓာငါးပါး တရားဟူသမျှကား အကြောင်းအားဖြင့် ဖြစ်သည် ချည်းတည်း။

၂။ ခန္ဓာငါးပါး အကျိုးကို ဖြစ်စေတတ်သော အကြောင်း ဟူသည် ကား တပ်တတ်သော ရမ္မက်တည်း။

၃။ ထိုအကြောင်းအကျိုးတရားတို့၏ ချုပ်ရာကား အမြိုက်နိဗ္ဗာန် တည်း။

၄။ ထိုနိဗ္ဗာန်သို့ ရောက်စေတတ်သည်ကား မဂ္ဂင်တရား ရှစ်ပါး တည်း။

ဤသို့လျှင် အကျိုး ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးကို ဖြစ်စေတတ်သော တပ်ခြင်းရမ္မက်၊ ခန္ဓာငါးပါးချုပ်ရာ အမြိုက်နိဗ္ဗာန်၊ ထိုနိဗ္ဗာန်သို့ ရောက်စေ တတ်သော မဂ္ဂင်တရား၊ ဤလေးပါးသော သစ္စာကိုပြ၍ တစ်ဂါထာဖြင့်

* ညှဲ့၍ = ရဟန္တာဖြစ်လျက် မဖြစ်သကဲ့သို့ တရားကို ဟောနိုင်စွမ်းရှိလျက် မရှိသကဲ့သို့ မိမိ ကိုယ်ကို ညှဲ့ရာ နှံ့ရာ၌ ထား၍။

† အခွန်း = ပုဒ်ပါဌ်စကားအခွန်း။


mgyoe.com

mgyoe.com SAMPLE BOOK

သေဘေးလွတ်ရာ၊ နိဗ္ဗာန်ရောက်ရာသည်ကို အသဿဗိအရှင် ဟောပေ၏။ ဥပတိဿလည်း အသဿဗိအရှင် ဟောသော တစ်ဂါထာ မကုန်မီ ပိုဒ်လေးပိုဒ်တွင် အစ နှစ်ပိုဒ်ကို ကြားစဉ်လျှင် သောတာပတ္တိမဂ် ရလျှင်း၏။ အဆုံး နှစ်ပိုဒ်၌ကား သောတာပတ္တိဖိုလ် တည်၍ သောတာပန်ဖြစ်၍•လျှင် ကြားနာရ၏။

ဥပတိဿ ဤသို့ ကြံ၏။ "နှစ်ပိုဒ် ဟောလျှင် သောတာပတ္တိမဂ် ရပြီးတကား၊ အဆုံးနှစ်ပိုဒ် ဟောလတ်သောအခါ သကဒါဂါမိမဂ် ရတန်လျက် မရခဲ့တကား၊ ကြာတင် ကောင်းသော အကြောင်းရှိအံ့သတည်း" ဟု နှလုံးပိုက်၍ 'အရှင် ... ဤဂါထာသာ ဟောတော်မူ၊ ဤထက် အလွန် ဟောတော်မမူနှင့်ဦး' ဟု မြစ်၏။ ထိုခဏလျှင် အရှင်အသဿဗိနောက် လိုက်လျှင်းလေကောင်းလျက် ကောလိတလုလင်ကို ကတိကဝတ် ဆိုပေသဖြင့် အရှင်ကို ကြွလေစေဦး၍ အဆွေခင်ပွန်းအထံသို့ ကတိကဝတ်ကို ဖြေအံ့သောငှာ သွားလေ၏။

### ၆။ ဥပတိဿသည် ကောလိတအား ကတိကဝတ်အတိုင်း ပြန်ကြားခြင်းအကြောင်း

ကောလိတလည်း ခင်ပွန်း ဥပတိဿ လာသော အခြည်အဝါ†ကြည်ညိုဖွယ်ရှိသည်ကိုမြင်၍ တရားအထူးရပြီးသော အဖြစ်ကို မေးလေ၏။ ဥပတိဿလည်း ရပြီးဟု ဝန်ခံ၍ အသဿဗိအရှင် ဟောသော ဂါထာကို လည်းကောင်း၊ သစ္စာလေးပါးကို ပြလျက် ဆိုပေ၏။ ကောလိတလည်း ဂါထာအဆုံး၌ သောတာပန် ဖြစ်လျှင်း၏။ ဤသူမြတ်အလောင်း နှစ်ယောက်ကား ဆရာဖြစ်ပါသော သဉ္စယဒိဋ္ဌိကိုလည်း ပါသာမူကား ခေါ်ပေခဲ့အံ့ဟု လိုက်လိုအောင် ဆရာကို နှိုးဆော်၏။ ဆရာ သဉ္စယဒိဋ္ဌိလည်း 'ငါ အိုးစရည်းဖြစ်ပြီးလျက် ဂေါတမတပည့် ဖြစ်၍ လောင်းအိုး အဘယ်သို့ ဖြစ်လေကောင်းအံ့နည်း' ဟု ဆောင်ကြဉ်းသော စကားကို ပစ်ပယ်လေ၏။ သူမြတ်အလောင်း နှစ်ယောက်ကား ဆုံးမနာသော နှစ်ရာ့ငါးကျိပ်မျှလောက်သော တပည့်များနှင့်အကွ ဘုရားသခင် အထံတော်သို့ ရောက်လေ၏။

ထိုအခါ၌ ဘုရားသခင်ကား ရာဇဂြိုဟ်ပြည်၌ ရောက်၍ ဝေဠုဝန်

● သောတာပန် ဖြစ်လျှင်း၏-ဟု စ-မူ၌ ပါရှိ၏။

† အခြည်အဝါ = သွယ်သွယ်မျှင်မျှင် ရေးရေးထင်သော အရိပ်အယောင်။



mgyoe.com

mgyoe.com SAMPLE BOOK
ကျောင်းတွင် လခွဲမျှလောက် နေတော်မူပြီးသတည်း။ ကဆုန်လပြည့် ဘုရားဖြစ်သော နေ့ကသည် ပြာသိုလပြည့်တိုင် လာသောအခါ ရသေ့တစ်ထောင်ကို ချွတ်တော်မူ၍ ပြာသိုလဆုတ် တစ်ရက်နေ့၌ ရာဇဂြိုဟ်ပြည်သို့ရောက်၍ ခရီးဦး ကြိုဆိုလာသော ဗိမ္ဗိသာရမင်းကြီးအား နာရဒဇာတ်ကို ဟောတော်မူပေသဖြင့် ချွတ်တော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ ပြာသိုလကွယ်နေ့တိုင်အောင် ရှိတော်မူလာပြီးသတည်း။ တပို့တွဲလဆန်း တစ်ရက်နေ့သည်ကား သာရိပုတ္တရာ မောဂ္ဂလာန် အလောင်း သူမြတ်နှစ်ယောက်တို့သည် ဘုရားသခင်အထံသို့ ရောက်လာသတည်း။ ထိုရောက်လာသနေ့လျှင် နောက်၌ပါသော တပည့်သား နှစ်ရာငါးကျိပ်တို့သည် ရဟန္တာ ဖြစ်လျှင်းသတည်း။ နှစ်ရာငါးကျိပ်နှင့်အကွ သူမြတ်အလောင်း နှစ်ယောက်ကို ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းပဥ္စင်းအတိ ဖြစ်လျှင်းသတည်း။

ဤသို့ နှစ်ရာငါးကျိပ်နှင့်အကွ ရဟန်းပဥ္စင်း ဖြစ်ကြပြီးမှ အရှင်မောဂ္ဂလာန်ကား ရဟန်းဖြစ်၍ ခုနစ်ရက်မှ ရဟန္တာ ဖြစ်၏။ အရှင်သာရိပုတ္တရာကား ရဟန်း ဖြစ်သောနေ့မှ လခွဲ မြောက်ပြီး တပို့တွဲ လပြည့်နေ့သည်လျှင် ရဟန္တာ ဖြစ်သတည်း။ အရှင်နှစ်ပါး ရဟန္တာ မဖြစ်ပါလေသည်ကား အဂ္ဂသာဝက တပည့်သားမြတ်ဖြစ်၍ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းစင်ပါရမီဖြည့်သော အကြောင်းကုသိုလ် အရာ ကျယ်စွာခဲ့ရကား အရှင်တို့ကျွတ်တန်သော ပညာဉာဏ်တော်သည် မြတ်လွန်းစွာသည် ဖြစ်ရကား မင်းတို့ကို တန်ဆာဆင်သည်အရာ အစီအရင်များသကဲ့သို့ အလျင်မကျွတ်ဘဲ နှေးနှေးလျှင် ကျွတ်သတည်း။

### ၇။ အရှင်မောဂ္ဂလာန်အား ငိုက်မျဉ်းခြင်း ပယ်ဖျောက်နည်းကို ဟောတော်မူခြင်း အကြောင်း

အရှင်နှစ်ပါး ကျွတ်တော်မူသော အရာကား ဤသို့တည်း။ အရှင်မောဂ္ဂလာန်ကား ရဟန်း ဖြစ်တော်မူသော နေ့ကစ၍ ရဟန္တာ ဖြစ်တန်သော ကမ္မဋ္ဌာန်းကို လုံ့လ အားထုတ်လွန်း၍ အိပ်မွေ့ငိုက်မျဉ်းခြင်း ပြင်းသဖြင့် မခံ့ပဲ ဖြစ်လသတည်း။

ထိုအကြောင်းကို ဘုရားသခင် သိတော်မူ၍ အရှင်မောဂ္ဂလာန် ရှိရာသွားတော်မူလေ၍ ဤသို့ မစတော်မူ၏။ 'မောဂ္ဂလာန် ... ကိုယ်တည်းမခံ့မူကား ဤသို့ ဆင်ခြင်လော့။


mgyoe.com

mgyoe.com SAMPLE BOOK

(၁) ငါ့ကို အိပ်မွေ့ငိုက်မျဉ်းသည် တကားဟု ကိုယ်ကို ထောင်ထားသော်လည်း အိပ်မွေ့ ငိုက်မျဉ်းခြင်း ပျောက်၏။
(၂) သင်ပြီး တတ်ပြီးသော အကြားအမြင်ကို အဖန်တလဲလဲ ဆင်ခြင်ကြံစည်သော်လည်း အိပ်မွေ့ငိုက်မျဉ်းခြင်း ပျောက်၏။
(၃) သင်ပြီး တတ်ပြီးသော အကြားအမြင်ကို ကြားမြင်တိုင်းထက် အကျယ်ချဲ့သော်လည်း မအိပ်မွေ့။
(၄) ကိုယ် လက် နား ပါးတို့ကို အဖန်တလဲလဲ သုံးသပ်သော်လည်း မအိပ်မွေ့။
(၅) မထိုင်ပဲ ထတုံ၍ ရေဖြင့် မျက်စိကို သပ်ပြီးမှ အရပ်မျက်နှာကို မျှော်တင်းရှာ၍ နက္ခတ်တာရာ ကြယ်လတို့ကို ရှုသော်လည်း မအိပ်မွေ့။
(၆) အမိုက်မှောင် မရှိစေပဲ လင်းစေသော်လည်း မအိပ်မွေ့။
(၇) လက်ဝဲ နံတောင်းဖြင့် အိပ်မွေ့မှုကား နှလုံးကို ဆောက်တည်လျက် လက်ယာ နံတောင်း လှည့်ဘိ။
(၈) လက်ယာ နံတောင်းဖြင့် အိပ်မွေ့မှုကား လက်ဝဲ နံတောင်းဖြင့် ပြန်ဘိ။
(၉) ဤသို့လျက်ပင်တည်း အိပ်မွေ့ငြားမူကား အလျင်နိုးအံ့–မကြာဟု နှလုံးဆောက်တည် အိပ်ပျော်လေခြင်းကိုလည်း ချမ်းသာဟု နှစ်သက်အားရ အနှစ်သာရ မမှတ်သည် ဖြစ်လတ္တံ့။

ဤသို့ ငါဆိုတိုင်း မှတ်မူကား အိပ်မွေ့ငိုက်မျဉ်းခြင်း ခေါင်းပါးရာ၏။ ဤမျှသော စကားဖြင့်ကား အရှင်မောဂ္ဂလာန်အား မအိပ်မွေ့အံ့သော ကမ္မဋ္ဌာန်း အကျင့်ကို ဟောတော်မူသတည်း။ ဤမှ တစ်ပါးလည်း–

(၁) ဆွမ်းခံသောအခါ ဆောက်တည်လေရာသော အကျင့်။
(၂) အပေါင်းအဖော် မသင့်သသူတို့နှင့်အကွ မသင့်တင့်သော စကားကို မပြောရာသော အကျင့်။
(၃) ဆိတ်ငြိမ်သော အရပ်ဌာသာ နေရသော အကျင့်တို့ကိုလည်း ဟောတော်မူပေ၏။

**၈။ အရှင်မောဂ္ဂလာန် ရဟန္တာ ဖြစ်တော်မူခြင်း အကြောင်း**

အရှင်မောဂ္ဂလာန်လည်း 'ရဟန္တာ ဖြစ်တန်သော တရားကို အကျဉ်း ဟောစေချင်၏' ဟု တောင်းပန်၏။ ဘုရားမြတ်စွာလည်း–


mgyoe.com

mgyoe.com SAMPLE BOOK

(၁) ခန္ဓာငါးပါးကို အမြဲတည်သည်ဟု မမှတ်အပ်။

(၂) ချမ်းသာသည်ဟု မမှတ်အပ်။

(၃) ခန္ဓာငါးပါးကို ငါ့ကိုယ်ဟု မမှတ်အပ်။

(၄) ငါ၏ခန္ဓာဟု မမှတ်အပ်။

(၅) ခန္ဓာငါးပါးမှတစ်ပါး ငါ ဟူ၍ ဆိုစကောင်းသော သဘောမရှိ။

ဤသို့လျှင် အကျဉ်းအားဖြင့် ရဟန္တာ ဖြစ်တန်သော အကြောင်းကို ဟောတော်မူ၏။ ဤတရားကို ကြားသောအဆုံး၌လျှင် မောဂ္ဂလာန်အရှင် ရဟန္တာ ဖြစ်သတည်း။

အရှင်မောဂ္ဂလာန် ခုနစ်ရက် ကြာပြီးမှ ရဟန္တာ ဖြစ်သည်ကား ကမ္မဋ္ဌာန်း ပြုစဉ်တွင် အရှင်ပညာကို "ငါ့ပညာ ထက်သည်" ဟု နှစ်လိုခြင်း ရှိရှိကာကာ ဖြစ်သောကြောင့် အလျင် မရသည် ဟူ၏။ ပမာမည်သည် ယောကျ်ား တစ်ယောက် သစ်ပင်ခုတ်သော်တည့် "ငါ့ဓား ထက်စွာသလျှင်ကတည်း" ဟု ဓားကို ကြည့်တုံတုံ ကြည့်များမူကား အလုပ် ကြွ၏။ ထိုကဲ့သို့ အရှင် မောဂ္ဂလာန်လည်း ငါ့ပညာ ထက်မြက်စွဟု ဝိပဿနာမူစဉ် အောက်မေ့ချေ၍ အရှင်ပညာကို အရှင်တပ်သည် မည်ချေသတည်း။ တပ်လျက် မကျွတ်ရာ ဖြစ်သောကြောင့် အကျွတ်တရား ရသည် ကြာသတည်း။

[ဘုရားသခင် ဟောတော်မူသော တရားသဘောသည် ဈာန်သမာပတ် တရား ကိုသော်လည်း မတပ်ကောင်း။ မိမိ စီးဖြန်းသော ဝိပဿနာဉာဏ်ပညာကိုသော်လည်း မတပ်ကောင်း။ တပ်လျက်ပင် အကျွတ်တရား မရရာဟု ဟောတော်မူသည်။ ဤသို့ ဖြစ်၍ အရှင်မောဂ္ဂလာန် ခုနစ်ရက်ကြာမှ ရဟန္တာ ဖြစ်သတည်း။]

## ၉။ အရှင်မောဂ္ဂလာန်သည် ငရဲပြည်နှင့် နတ်ပြည်သို့ ကြွ၍ တရားဟောတော်မူခြင်း အကြောင်း

ဤသို့ ရဟန္တာ ဖြစ်ပြီးသော အရှင်မောဂ္ဂလာန်သည်ကား တန်ခိုးကြီးသော အရာ ဧတဒဂ် ရသတည်း။

ဘုရားသခင်မှတစ်ပါး အရှင်မောဂ္ဂလာန်ကို တူ၍ တန်ခိုးကြီးသူ မရှိ။ အရှင်မောဂ္ဂလာန်ကား တန်ခိုးအားဖြင့် သူ့ချမ်းသာကို ရှာသော အလေ့ တော် ရှိ၏။ သူ့ချမ်းသာ ရှာသောအရာကို အမြွက်ဆိုအံ့။ တန်ခိုးတော်ဖြင့် ငရဲ အရပ်သို့ သွားတော်မူလေ၍ အချမ်းဖန်ဆင်း၍ ငရဲသူတို့ကို သက်သာရာ ရစေ၏။ လှည်းဘီးရှိလောက် ကြာပွင့် ဖန်ဆင်းတော်မူ၍ ထိုကြာပွင့်ထက်


mgyoe.com

mgyoe.com SAMPLE BOOK
နေတော်မူလျက်ပင် ငရဲသူတို့အား တရားဟောတော်မူပေ၏။ နတ်ပြည် အရပ်သို့ သွားတော်မူလေ၍ နတ်တို့ပြုသော ကောင်းမှုကို ဆိုစေ၍ နတ်တို့ အား သစ္စာလေးပါး တရားကို ဟောတော်မူပေ၍ ကျွတ်စေ၏။ ငရဲပြည်၊ နတ်ပြည်၌ ဖြစ်သော ဆင်းရဲ ချမ်းသာတို့ကို လူ့ပြည်တွင် ပရိသတ်တို့အား ကြားပေ၍ ထိတ်လန့်ခြင်း ရစေလျက် သာသနာ၌ သဒ္ဓါကြည်ညိုစေ၏။

## ၁၀။ အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမတော်မူခြင်း အကြောင်း



တစ်ရံရောအခါ၌လည်း အနာထပိဏ် သူဌေးသည် ညဥ့်ဦးကလျှင် ဘုရား သခင်ကို ဆွမ်းဖိတ်သတတ်။ နက်ဖန် မိုးသောက်လပြီးသောတစ်မူကား ဘုရားသခင် ချွတ်ထိုက်သောသူကို ဆင်ခြင်တော်မူလတ်သတည်း။ အယူ မှားသော မိစ္ဆာဒိဋ္ဌိ နန္ဒောပနန္ဒ မည်သော နဂါးကို မြင်တော်မူ၍ "အသူ သည်လျှင် ဤနဂါးကို နိုင်ပိမ့်နည်း" ဟု ဆင်ခြင်တော်မူလတ်တည်း။ မောဂ္ဂလာန်မထေရ်လျှင် နိုင်အံ့သတည်းဟု မြင်တော်မူပြီးမှ တပည့်သားတော် ရဟန္တာ ငါးရာနှင့်အကွ တာဝတိံသာ နတ်ပြည်သို့ ရှေးရှုကြွတော်မူလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့လည်းကောင်းလျှင် မြင်းမိုရ်အရင်း၌နေသော နန္ဒောပနန္ဒ မည်သော နဂါးကြီးသည် သောက်ပွဲ၊ စားပွဲ စီရင်သတည်း။ နဂါးကြီးကား သံဃာနှင့်အကွသော အရှင်ဘုရားကို မြင်လတ်သော် "ဤဦးပြည်း ရဟန်းတို့ကား ငါတို့ဦးခေါင်းထက် တလွှားလွှား သွားများစွ၊ ငါတို့ဦးခေါင်းထက် ခြေဖဝါး အမှုန့်ကို ကျစေသည် များလေစွ၊ ယနေ့က စသည် မလာအောင် ပြုအံ့" ဟု ကြီးစွာသော ကိုယ်ကို ဖန်ဆင်း၍ မြင်းမိုရ်အလုံးစုံကို ခုနစ်ပတ်ဖြင့် ဖုံးမိစေအောင်ရစ်၍ မြင်းမိုရ်ထိပ် အလုံးစုံကို မမြင်အောင် ပါးပျဉ်းဖြင့် ဖုံးဘိသတည်း။

ထိုအခါ၌ ဘုရားတပည့် သားတော် အရှင်ရဋ္ဌပါလထေရ်သည် 'ဤအရပ်၌ မြင်းမိုရ်နတ်ပြည်ကို မြင်မြဲ မမြင်ခဲ့တကား' ဟု ဘုရားမြတ်စွာကို မေး၏။ ဘုရားမြတ်စွာလည်း 'နန္ဒောပနန္ဒ နဂါးကြီးသည် ကိုယ်တို့ကို မျက်လို၍ ဖုံးကွယ်လေသတည်း' ဟု မိန့်တော်မူ၏။ 'အကျွန်ုပ်လျှင် ဆုံးမအံ့သည်' ဟု အရှင်ရဋ္ဌပါလ နားတော်လျှောက်၏။ ဘုရားသခင် ခွင့်မပြု။ ဤသို့နှင့်နှင် အရှင်များ လျှောက်သော်လည်း ခွင့်မပြု။ အရှင်မောဂ္ဂလာန် လျှောက်သော်တစ်မူကား ဆုံးမလေဟု ခွင့်ပြုတော်မူ၏။ အရှင်မောဂ္ဂလာန်လည်း ကိုယ်တော်ကို နဂါးကြီး ဖန်ဆင်း၍ ခုနစ်ပတ်ရစ်သော နန္ဒောပနန္ဒ နဂါးကို တံပိုးကဲ၍ တစ်ဆယ့်လေးပတ် ရစ်ပြီးသော် နဂါးကြီး၏ ပါးပျဉ်းထိပ်ထက် ပါးပျဉ်းလည်းကောင်း ဖန်ဆင်းတည့်၍ နဂါးကြီးကို မြင်းမိုရ်နှင့် ဖျစ်ကြိတ်စေ၏။ အခိုးအလျှံ နဂါးကြီး လွှတ်သည်။ အရှင်သို့ မထိလှာ။ အရှင် လွှတ်သော အခိုးအလျှံသော်မူကား နဂါးကြီးသို့ ထိလေ၏။

နဂါးကြီးကား မြင်းမိုရ်နှင့် ဖျစ်၍ အခိုးအလျှံ လောင်ပြီးမှလျှင် အသူနည်းဟု အရှင်ကို မေး၏။ အရှင်လည်း ငါ မောဂ္ဂလာန်ထေရ်ဟု ဆိုပေ၏။ နဂါးကြီးကား ရဟန်းအဖြစ်ဖြင့် အရှင်ကိုယ်ကို ဖြစ်စေလောဟူ၏။ အရှင်မောဂ္ဂလာန်ကား နဂါးကြီး ဖန်ဆင်းသော ကိုယ်ကိုဖျောက်၍ နန္ဒောပနန္ဒ နဂါး၏ နားနှစ်ဖက်သို့ လက်ဝဲ လက်ယာ လှည့်ကာ လှည့်ကာ ဝင်၏၊ ထွက်၏။ နှာခေါင်း နှစ်ဖက်သို့ ထွက်ဝင် သွားပေ၏။ နဂါးကြီး ခံတွင်း လှစ်တုံ၏။ နဂါးဝမ်းထဲသို့ ဝင်၍ ဝမ်းထဲတွင် အရှေ့ အနောက် စင်္ကြံသွား၏။ ဘုရားမြတ်စွာလည်း 'မောဂ္ဂလာန် ... နှလုံးမူနိုင်စေ' ဟု မစတော်မူ၏။ အရှင်မောဂ္ဂလာန်လည်း 'ဘုရားမြတ်စွာ ... အကျွန်ုပ်ကား


mgyoe.com

mgyoe.com SAMPLE BOOK

တန်ခိုးအရာ၌ လေ့လာစွာ ပြီးသတည်း။ နန္ဒောပနန္ဒ နဂါးကဲ့သို့သည် တစ်သိန်း ဖြစ်သော်လည်း ဆုံးမနိုင်၏' ဟု နားတော်လျှောက်၏။

နဂါးကြီးလည်း "ဝမ်းတွင် ဝင်သောခါ မမြင်လိုက်မိ၊ ထွက်လာသောခါ တစ်မူကား မုန့်မုန့်ညက်ညက် ဝါးရစေ" ဟု ကြံ၍ ငါ့ဝမ်းတွင်းဝင်၍ စင်္ကြံသွား၍ ငါ့ကို မညှဉ်းဆဲနှင့်၊ ထွက်လေကာမူ ဟူ၏။ အရှင်လည်း ထွက်တော်မူ၍ ရှေ့တွင် ရပ်ပေ၏။ နဂါးကြီးလည်း ဤအရှင်လျှင်တကား ဟု နှာခေါင်း လေရှူလျှင်းဘိ၏။ အရှင်လည်း ဈာန်သမာပတ် တန်ခိုးဖြင့် နဂါးကြီး၏ နှာခေါင်းလေကို ကွယ်ကာလျှင်းလေ၏။ ဤကွယ်ကာခြင်းကိုကား အရှင်မောဂ္ဂလာန်သာ တတ်နိုင်အားသတည်း။ တပည့်သားတော် ဟူသရွေ့အား အလျင်အဆော မတတ်နိုင်ကုန်။ ထို့ကြောင့် တပည့်သားတော်တို့သည် တောင်းပန်သောခါ ခွင့်မမူသတည်း။

နဂါးကြီးကား "ဤအရှင် တန်ခိုးကြီးပေစွ" ဟု အရှုံးခံ၍ လက်ချ၏။ အရှင်မောဂ္ဂလာန်ကား ဂဠုန်ကြီး ဖန်ဆင်းလျှင်းတုံ၍ နဂါးကြီးကို သုတ်အံ့ဟု လိုက်လျှင်းသတည်း။ နဂါးကြီးလည်း လုလင် အယောင်ဆောင်၍ "အရှင်လျှင် ငါ၏ ကိုးကွယ်ရာ ဖြစ်စေ" ဟု ကိုယ်ကို ဆောက်နှင်း၍ အရှင်မောဂ္ဂလာန် ခြေဖမိုးတော်၌ ဦးထိပ်ထားသလျှင်ကတည်း။ အရှင်လည်း နဂါးကြီးကို ခေါ်၍ ဘုရားသခင်ထံတော်သို့ သွားလေ၏။

ဘုရားမြတ်စွာလည်း နဂါးကြီးအား ချမ်းသာရစေသောဟု နှစ်သိမ့်တော်မူ၍ အနာထပိဏ် သူဌေးအိမ်သို့ ဆွမ်းဘုဉ်းပေး သွားတော်မူလေ၏။ နန္ဒောပနန္ဒ နဂါးနှင့် မောဂ္ဂလာန် စစ်တွေ့ကြ၍ နေမြင့်မှ ဆွမ်းစားရောက်လာသော အကြောင်းကို သူဌေး မေး၍ ပြန်တော်မူပေ၏။ သူဌေးလည်း အရှင်မောဂ္ဂလာန် နိုင်သည်ကြား၍ ဝမ်းမြောက်စွာရကား ခုနစ်ရက်တိုင်အောင် ဆွမ်းဖိတ်၍ ကြီးစွာသော ပူဇော်သကာ ပြုသတည်း။

## ၁၁။ အရှင်မောဂ္ဂလာန် တန်ခိုးပြ၍ ရဟန်းသာမဏေငယ်တို့ကို ဆုံးမခြင်း အကြောင်း

တစ်ရံရောအခါတုံ ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားသခင် နေတော်မူစဉ် ပဥ္စင်း၊ သာမဏေ အငယ်ဖြစ်သော သူတို့သည် ပြာသာဒ်၌နေလျက် အထူးထူးသော တိရစ္ဆာန်စကားကို ဆိုကြသတတ်။ ဘုရားမြတ်စွာလည်း 'ထိုသို့ဆိုကြသော ရှင်တို့ကို မမြင်ကြသလော' ဟု မိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်


mgyoe.com

mgyoe.com SAMPLE BOOK
လည်း အရှင်ဘုရား အလိုတော်ကို သိ၍ နေရာတိုက်တစ်ထောင်ဖြင့် တန်ဆာဆင်သော ပြာသာဒ်ကြီး အထွတ်များကို ကောင်းကင်သို့ ပျံတက်လေ၍ ခြေမဖျားဖြင့် တွန်းလှုပ်ဘိ၏။ ဘုရားသခင်လည်း ထွက်၍ နေတော်မူဘိ၏။ ပြာသာဒ်ကြီး အလုံးစုံလျှင် ကုန်အောင် တစောင်းလည်းလျှင်း ဘိ၏။ အရှင်မောဂ္ဂလာန်လည်း တဖျင့်ပြန်လျှင် လှုပ်ပြန်တုံတုံ လှုပ်၏။ အကျိုးမဲ့သော စကားကို ဆိုသော ရဟန်းတို့လည်း ထိတ်လန့်ကုန်လျက် ပြာသာဒ်တွင်းမှ ထွက်ကုန်၍ ဘုရားသခင် အထံသို့ချည်း ဝင်လေကုန်၏။ ဘုရားမြတ်စွာလည်း ထိုရဟန်းတို့ အလိုအလျောက် ကျွတ်ထိုက်သော တရားကို ဟောတော်မူပေ၏။

## ၁၂။ အရှင်မောဂ္ဂလာန် တာဝတိံသာနတ်ပြည်၌ တန်ခိုးပြ၍ သိကြားမင်းကို သတိရစေခြင်း အကြောင်း

တစ်ရံရောအခါတုံ သိကြားနတ်မင်းသည် ဘုရားသခင်သို့ ဆည်းကပ်လာ၍ အမျက်၊ ရမ္မက် ကုန်ရာသော တရားကို တောင်းပန်၏။ ဘုရားသခင်လည်း တဏှာသင်္ခယ သုတ္တန်မည်သော နက်နဲစွာသော တရားကို ဟောတော်မူပေ၏။ သိကြားနတ်မင်းလည်း တရားတော်ကို ကြား၍ နှစ်လိုဝမ်းမြောက်စွာ နတ်ပြည်သို့ သွားလေ၏။ နတ်တို့ မည်သည်လည်း အထူးထူးသော အာရုံ ပျော်ဖွယ် များသောကြောင့် သတိပညာ တွေဝေဖန် များ၏။ ထို့ကြောင့် သိကြားမင်းလည်း နတ်ပြည်သို့ ရောက်လျှင် တရားတော်ကို မေ့ခဲ့သတည်း။ မေ့မှန်းသိ၍ အရှင်မောဂ္ဂလာန် သိကြားသို့ သွား၍ မေးလေ၏။ သိကြားလည်း မမှတ်မိသည် အကြောင်းကို ဆိုပေ၏။ အရှင်မောဂ္ဂလာန်ကား သိကြားနေသော ဝေဇယန္တာ ပြာသာဒ်အလုံးကို ခြေမဖျား တို့ကာတည်းလျှင် လှုပ်ချောက်ချားစေ၍ သိကြားကို ထိတ်လန့်ခြင်းရစေ၏။ သိကြားလည်း ထိတ်လန့်ခြင်း ရပြီးမှ တရားတော်ကို မှတ်မိ၏။ ဤသို့နှင်နှင် တန်ခိုးအားဖြင့် အရှင်မောဂ္ဂလာန်ကား သူ့စီးပွားကို ရှာတော်မူသတည်း။

ဤစကားသည် အရှင်မောဂ္ဂလာန် ရဟန္တာ ဖြစ်တော်မူသော အကြောင်းကို ဆိုသော အခန်းတည်း။

## ၁၃။ အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်တော်မူသောအကြောင်း

အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်တော်မူသော အကြောင်းကား ဤသို့တည်း။


mgyoe.com

mgyoe.com SAMPLE BOOK
အရှင်နှမတော်သား တူတော်ရှင်း ဒီဃနခ မည်သောသူသည် ဒိဋ္ဌိတို့တွင် ပရိဗိုဇ်ရဟန်း ဖြစ်ပါလေသတည်း။ ထိုဒီဃနခသည်ကား ဤသို့ ကြံသတတ်။ "ငါ့ဦးရီးကား အကျင့်ကောင်း ရှာသည်ဟု မဆွက ထိုထိုသော သူတို့သို့ မေးမြန်းလေသော်ကား မကြာမတင် အလျင်တဆော လျှင်ပြန်လတည်း။ အရှင်ဂေါတမသို့ ယခုသွားလေသော်တစ်မူကား မပြန်လတ်ပဲ လခွဲမျှ လောက်စင် ကြာလေစွ၊ အရှင်ဂေါတမတွင် ကောင်းသော အကျင့်ကို ကြားသည်လျှင် ဖြစ်လိမ့်သတည်း။ ငါလည်း စူးစမ်းပါအံ့" ဟု အရှင်ဘုရားရှိရာ လာလတည်း။

ထိုအခါ ဘုရားမြတ်စွာကား ဂိဇ္ဈကုဋ်တောင်၌ ဝက်တူးဥမင် အမည်တွင်သော ဘုရားကဿပ လက်ထက်ကရှိသော ဥမင်ဟောင်း၌ အရှင်သာရိပုတ္တရာ ယပ်ခံလျက် နေတော်မူစဉ် ဘုရားသခင်သို့ ရောက်လေ၏။ ဦးရီးတော်အရှင် ယပ်ခံလျက်ပင် ဖြစ်ခဲ့ရကား ရှိမခိုးဘဲ ထိုင်ချေသော် မအပ်သောကြောင့် ဒိဋ္ဌိအလျောက် ရပ်လျက်ပင်လျှင် မိမိအယူကို ဝှက်၍ ဘုရားမြတ်စွာကို မေးလေ၏။ ဘုရားမြတ်စွာလည်း အယူဝှက်လေသည်ဟု သိတော်မူ၍ ဝှက်လေသော မိမိအယူကို ဝန်ခံစေပြီးမှ "လူနတ် ဟူသမျှကား သေလေ သရွေ့အားလျှင် ပျောက်ကွယ်လေသည်ချည်း၊ တဖြစ်မှာ ဖြစ်ပြန်သည်ကာ မရှိ" ဟူ၍ ယူသော ဒီဃနခ၏ ဒိဋ္ဌိအယူကို ဖျောက်တော်မူ၍ အယူဖြောင့်စေပြီးမှ ရုပ်နာမ်တရား နှစ်ပါး၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ်ကို ဟောတော်မူပေ၏။ အရှင်သာရိပုတ္တရာလည်း ဟောတော်မူသော တရားကို ကြား၍ ပညာတော်ဖြင့် ဆင်ခြင်ပေသည်။

သူဖို့ရှူးသော ထမင်းအရသာကို သာလကာ* စားရ၏။ သို့ ယပ်ခံလျက်ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာမြတ် ဖြစ်၏။

အရှင်တူတော် ဒီဃနခဒိဋ္ဌိလည်း အကျွတ်တစ်တန် သောတာပန် ဖြစ်၏။ အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်တော်မူသော တပို့တွဲလပြည့်နေ့၌ လည်းကောင်းလျှင် တပည့်သားတို့ အစည်းအဝေး ဖြစ်၏။ အကျွတ်ရသော ရသေ့တစ်ထောင်၊ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် နောက်တွင်ပါသော နှစ်ရာငါးကျိပ် စုံလျှင် တန်ခိုးရှိသော ရဟန်းအတိတည်း။ ဖေဟိဘိက္ခုနှင်နှင် တည်း။ မခေါ်ပဲ အလိုလို အဦးတကွ လာကုန်၏။ တပို့တွဲ လပြည့်လည်း

* သာလကာ = မဝင်မဝန်း သက်သောင့်သက်သာ။


mgyoe.com

mgyoe.com SAMPLE BOOK
ကြိုက်၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော တပည့်သားမြတ် အစည်းအဝေး၌ ဘုရားမြတ်စွာ ပါတိမုတ်လွှတ်*တော်မူလျှင်သတည်း။

ဤသို့လျှင် ဆိုခဲ့ပြီးသော အစုအစဉ်ဖြင့် အကျွတ်ရပြီးသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည်ကား တပည့်သားမြတ် ပါရမီဆုကို ဖြည့်၍ အရှင်သာရိပုတ္တရာ ပညာအရာ ဧတဒဂ် ရ၏။ အရှင်မောဂ္ဂလာန်ကား တန်ခိုးအရာ ဧတဒဂ် ရ၏။ အရှင်သာရိပုတ္တရာကား 'ငါ့ပညာတည်း ရုပ်ရှိ၍† လုံးလုံးလျောင်းလျောင်း ထင်ကောင်းသည် ဖြစ်တပြီးကား အလုံးစုံသော ဤမြေကြီးသော်လည်း မမျှနိုင်၊ ဤသို့ ပညာကြီးသော အကျိုးသည်ကား အနောမဒဿီ ဘုရား၏ ပညာတော်ကို ချီးမွမ်းဖူးသည်၏ အကျိုးတည်း' ဟု ဆိုတော်မူပေ၏။

## ၁၄။ အရှင်သာရိပုတ္တရာ ပညာကြီးကျယ်ကြောင်း တပည့်ကြီးရသေ့ ဝတ္ထု

ဘုရားသခင် တာဝတိံသာနတ်ပြည်က သက်တော်မူလ၍ သင်္ကဿနဂိုရ် ပြည်၌ ရောက်တော်မူလတ်သောအခါ ဘုရားသခင် မေးတော်မူသော ပြဿနာကို အရှင်သာရိပုတ္တရာသာ ဖြေနိုင်သတည်း။ ထိုကို အကြောင်းမူ၍ အရှင်သာရိပုတ္တရာ၏ ပညာတော်၊ အာနုဘော် ကျော်စောခြင်းသည်ကား ဘုရားသဗ္ဗညုတို့၏ ပညာ အာနုဘော် ကျော်စောသည်နှင့် အတူဖြစ်သတည်း။ ဘုရားသခင်လည်း အကြိမ်အဖန် များစွာလျှင် သာရိပုတ္တရာ ပညာတော်ကို ချီးမွမ်းတော်မူသလျှင်ကတည်း။

'သာရိပုတ္တရာ ယခုသာ ပညာကြီးသည် မဟုတ်၊ ရှေးသံသရာဝယ်သော်လည်း ပညာကြီးစွာသလျှင်ကတည်း။ ငါကား တပည့်သား ငါးရာရသေ့တို့၏ ဆရာ ဖြစ်၏။ သာရိပုတ္တရာကား တပည့်သားကြီး ရသေ့ဖြစ်၏။ အဆုံးစွန် အသက်တန်လတ်သောခါ၌ "အဘယ်ဈာန်တရားကို ရသနည်း" ဟု ငါ့ကို တပည့်သား ရသေ့များ မေး၏။ ငါလည်း "နတ္ထိကိဉ္စိ"ဟု စကားအကျဉ်းကို ဆိုခဲ့၍ အာဘဿရ ဗြဟ္မာ့ပြည်သို့ ဖြစ်လေ၏။ တပည့်များလည်း ငါ လွန်လျှင် "ငါတို့ဆရာ နတ္ထိကိဉ္စိဟု ဆိုခဲ့၍ကား

---

* ပါတိမုတ်လွှတ် = ပါတိမောက်ပြခြင်း။ (ဥပုသ်ပြုရာ သိမ်အတွင်း၊ သိက္ခာပုဒ် ပညတ်တော်များကို ရွတ်ဆိုပြသခြင်း။)

† ရုပ်ရှိ၍ = ရုပ်ကဲ့သို့ ဖြပ်ရှိ၍။


mgyoe.com

mgyoe.com SAMPLE BOOK

တစ်စုံတစ်ခုသော ဈာန်တရား မရသည်လျှင် ဖြစ်လတ္တံ့သတည်း" ဟု ဆရာ ဆိုသော အဓိပ္ပာယ်ကို မသိနိုင်၍ အယူမှားကြသတည်း။

'ဤသာရိပုတ္တရာအလောင်း တပည့်သားကြီးရသေ့သော်တစ်မူကား "နတ္ထိကိဉ္စိ ဘာဝနာမူ၍ အရူပဈာန် သုံးဖန်ရသည်ကို ငါ့ဆရာ ဆိုခဲ့သတည်း။ ကိဉ္စိ၊ တစ်စုံတစ်ခုသော ဈာန်တရားသည်။ နတ္ထိ၊ မရှိ ဟူ၍ကား နတ္ထိကိဉ္စိ ဟု ငါ့ဆရာ စကားကို မမှတ်ကုန်လင့်" ဟု ဆိုပေ၏။ တပည့်သားကြီး စကားကို ရသေ့များသည် မယုံလို ဖြစ်ခဲ့ရကား ငါပင် ကိုယ်တိုင်လျှင် အာဘဿရ ဗြဟ္မာ့ပြည်မှ လာ၍ ကောင်းကင်ပြင်၌နေလျက် "ရသေ့များတို့ ... ကိုယ်တို့ကုန်အောင်* အနှစ်တစ်ရာမျှလောက် မြည်တမ်း လှည့်ငြားသော်လည်း ငါ့အလိုကို မသိရာ၊ ငါ့အလိုကိုသိသော တပည့်ကား တစ်ယောက်သာ။ ကိုယ်တို့ ကုန်အောင် (စုမသိနိုင်ကုန်၊ ကိုယ်တို့ကုန်အောင်) စုတွင် ပညာရှိ အဖြစ်ဖြင့် တပည့်သားကြီး တစ်ယောက်သာလျှင် မြတ်သတည်း" ဟု ငါ့တပည့်သားကြီး၏ ကျေးဇူးကို ငါ ချီးမွမ်းလှဖူး၏' ဤသို့နှင်နှင် ချီးမွမ်းတော်မူသောအရာ များ၏။

အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်ပြီး သက်တော် လေးဆယ့်လေးနှစ်** ဘုရားသခင်နှင့်အတူ သက်တော်ရှည်၏။ ထိုမျှလောက်သော အခါပတ်လုံး တရားဟောပေသရွေ့လျှင် သစ္စာလေးပါးကို ပြ၍ ဟောသော အဝေယ့်တော် ရှိ၏။ ပညာလည်း ကြီးတော်မူ၏။ ပညာ ကြီးသောသူကိုလည်း အတိုင်းထက်အလွန် ချီးမွမ်းချီးမြှောက်တော်မူ၏။ အလောင်းတော် ဖြစ်သော အခါကလည်း ပညာကြီး၏။ ပညာကြီးသော သူကိုလည်း ချီးမြှောက်၏။

## ၁၅။ အရှင်သာရိပုတ္တရာ ပညာရှိကို မြတ်နိုးကြောင်း ရှုဋ္ဌထိပြဟ္မဒတ်မင်း ဝတ္ထု

အကျွတ်ရပြီး၍ ဘုရားသဗ္ဗညုနှင့် ဆိဆွယ်† ဖြစ်ပြီးသော်လည်း ပညာရှိသောသူကို ချီးမြှောက်တော်မူ၏။ ဤအရာ၌ အမြွက်မျှသာ ဆိုအံ့။ အရှင်

---

* ကိုယ်တို့ ကုန်အောင် = အသင်တို့အားလုံး ကုန်အောင်။

(        ) ဓ–မူ၌သာ ပါ၍ က–မူ၌ မပါ။

** လေးဆယ့်လေးနှစ် (ဓ) မူ။ လေးဆယ့်ငါးနှစ် (က) မူ။ မြတ်စွာဘုရား ဝါတော် တစ်ဝါ ရပြီးမှ တပို့တွဲလဆန်း တစ်ရက်နေ့တွင် အရှင်သာရိပုတ္တရာ ရဟန်းပြု၏။ မြတ်စွာဘုရားသခင်ထက် ၆ လ စော၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

† ဆိဆွယ် = တူလုမတတ်။


mgyoe.com

mgyoe.com SAMPLE BOOK

သာရိပုတ္တရာကား ဇမ္ဗူဒိပါကျွန်းလုံးကို အစိုးရသော စူဠဏီ ဗြဟ္မဒတ်မင်းဟု ဖြစ်သတည်း။ ငါတို့ ဘုရားသခင်ကား မဟော်သဓာ ဖြစ်၍ ထိုစူဠဏီ ဗြဟ္မဒတ်မင်း၏ ရန်သူစင်စစ်ဖြစ်သော ဝိဒေဟရာဇ်မင်းတွင် အမှုထမ်းကြီး ဖြစ်သတည်း။ အကြိမ်အဖန် များစွာလျှင် ကျေးဇူးရှင် ဝိဒေဟရာဇ်မင်း၏ အလို့ငှာ ပဉ္စာလရာဇ်မင်း၏ အလုပ်အကြံကိုဖျက်၍ မယား သားသမီးတို့ကို ရနိုင်အောင် ကြံ၏။

ထိုသို့စင် ရန်ငြိုးဖြစ်လောက်အောင် အဖျက်အဆီးရှာသော မဟော်သဓာကို လျက်လည်း ဝိဒေဟရာဇ်မင်း လွန်ပြီး ပဉ္စာလရာဇ်ပြည်သို့ ရောက်လာသောအခါ "ပြည်အလုံးကို အလိုအတိုင်းဖြစ်စေ" ဟု မဟော်သဓာအား ဆောက်နှင်းလင့်၏။ ရေစောင့်ဘီလူး ပြဿနာဖြင့် ပရိဗိုဇ် ရဟန်းမသည် မေးသောခါသည်မှုကား "ငါနှင့် မဟော်သဓာ နှစ်ယောက် ကြွင်းရာတွင် တစ်ယောက်ယောက်ကို စားလို၏" ဟု ဘီလူး တောင်းလမှုကား "မြေပြင် အလုံးစုံကို အစိုးရသော မင်းစည်းစိမ်ကို မရေမတွက်ပဲ မြဲစွာ အောက်တော ကျိုက်[*]၍ ဟယ် ဘီလူး ... နင့်ခံတွင်းဟကာမှု (နင့်ခံတွင်းတွင် ငါ ဆင်း လျှင်းအံ့၊ ငါ့ကို စားကာမှု) ဟူ၍ ငါ ဆင်းလောက်အောင် ကျယ်စွာ ဖွင့်ပြီး သော ဘီလူး၏ ခံတွင်း၌ ပြေးဆင်း၍လျှင် အသက်ကို စွန့်အံ့သတည်း။ ငါကား ရှင်သေးအံ့၊ ငါ ရှေးဦး မဟော်သဓာကို ငါ့အသက် လွတ်စေချင်၍ ဘီလူးအား ပေးအံ့သည်ကား မရှိသလျှင်ကတည်း" ဤသို့လျှင် အရှင်သာရိ ပုတ္တရာအလောင်း စူဠဏီ ဗြဟ္မဒတ်မင်းကား အသက်စည်းစိမ်ကိုစွန့်၍ ပညာရှိကို ချီးမြှောက်သလျှင်ကတည်း။

ဤကား အလောင်းဖြစ်သောခါ ပညာရှိကို မြတ်နိုးသော စကား အမြွက်တည်း။

### ၁၆။ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏထေရ် ကဲ့သို့သော ပညာရှိကို ချီးမြှောက်ခြင်း အကြောင်း

အကျွတ်ရပြီးသော် တစ်မှုကား ဘုရားလက်ထက် ဧတဒဂ်ရသော အရှင် ပုဏ္ဏထေရ်ဟု ရှိသတည်း။ အရှင်ပုဏ္ဏထေရ်ကို အရှင်သာရိပုတ္တရာ တွေ့ တော်မူ၍ ဝိသုဒ္ဓိ ခုနစ်တန်ကို မေး၏။ အရှင်ပုဏ္ဏထေရ်လည်း အာဇာနည် မြင်းကသော ရထားခုနစ်တန် ဥပမာဖြင့် ဖြေပေ၏။

---

[*] အောက်တောကျိုက် = အောက်ပိုးကျိုက်၊ ခါးတောင်းကျိုက်။

(   ) က-မူ၌သာ ပါ၍ ခ-မူ၌ မပါ။


mgyoe.com

အရှင်သာရိပုတ္တရာလည်း အရှင်ပုဏ္ဏထေရ် ဖြေသည်ကို ကြားလတ်သော် ဤသို့ မေးတိုင်း ဖြေပိမ့်သော ပုဂ္ဂိုလ်ကို တွေ့ပြီးသော်ကား အတူတစ်ကျောင်းတည်း နေကာမျှလည်း မေးချင်သော နှလုံးရှိသော ကြိုက်• တစ်ခဏ ကွာခဲ့မှုကား မမေးရဘဲ ငုံ၍ ကြာတင်ရခဲ့။ အကြားအမြင်ကို တောင့်တ၍ အလိုရှိသောသူ မည်သည်ကား ဤပုဏ္ဏထေရ်ကဲ့သို့ မေးတိုင်းဖြေပိမ့်သောသူကို ပုဆိုးအခုဖြင့် ခေါင်းထက် အမြဲ အခါခပ်သိမ်း ရွက်လျက်ပင် နေကောင်း၏။ ဤသို့ ရွက်လျက် နေမှလျှင် မေးလိုသောငှာ ဦးခေါင်းမှ ချကာ မေးရအံ့သတည်း။ ငါကဲ့သို့သော သူတော်လည်း ဤပုဏ္ဏထေရ်ကဲ့သို့သော သူကို ပုဆိုးအခုဖြင့် ရွက်ပေရာ၏။ ဤသို့လျှင် အရှင်သာရိပုတ္တရာ အကျွတ်ရပြီးသော်လည်း ပညာရှိကို အလွန်တင့်ကဲ ချီးမြှောက်တော်မူသတည်း။

အခါခပ်သိမ်း သိတင်းသုံးဖော်ချင်းတို့ကို ဆုံးမတော်မူသည် ငှင်းတည်း။ "သဘောအမူ မရှိသောသူကား–ငါနေသော အရပ်နှင့် ထက်ဝန်းကျင် ယူဇနာတစ်ရာထက် ဝေးစွာအရပ်၌ ရှိလေစေသတည်း။ ယူဇနာတစ်ရာ တွင်ဝယ်မျှ မရှိစေသတည်း။ ကောင်းသော သဘောအမူအရာ ပညာရှိသောသူ ဖြစ်ငြားမူကား ငါနှင့် အတူတကွ နေကာမျှကို ထား၍ ငါ့ဦးထိပ်ထက်သော်လည်း နေစေခလို။ ငါသည် ဦးဖြင့် ရွက်ခလို" ဟု ဆိုတော်မူသတည်း။ သူ့ကိုလည်း ဆုံးမတော်မူ၏။ အရှင်လည်း သူ့ဆုံးမကို ခံတော်မူ၏။ သူ့ကို ဆုံးမတော်မူသော်ကား နှစ်ကြိမ် သုံးကြိမ်ဟည်း ဆုံးမ၍ မရောင့်ရဲ။ သူတစ်ယောက်ကို ဆယ်ကြိမ် စေ့အောင် ဆုံးမ၍ ကောင်းယဉ်စေ၏။ အကြိမ်တစ်ရာ ဆုံးမ၍ ကောင်းယဉ်စေ၏။ အကြိမ်တစ်ထောင် ဆုံးမ၍ ကောင်းယဉ်စေ၏။

## ၁၇။ အရှင်သာရိပုတ္တရာသည် သိတင်းသုံးဖော်တို့အား သင်္ဂဟ ၂ ပါးဖြင့် သင်္ဂြိုဟ်ခြင်း အကြောင်း

သိတင်းသုံးချင်းတို့အား နှစ်ပါးသော သင်္ဂြိုဟ်ခြင်းဖြင့် သင်္ဂြိုဟ်တော်မူသော အရှင်သာရိပုတ္တရာ၏ ကျင့်ဝတ် အခလေ့ကား ဤသို့တည်း။ ဘုရားတပည့်သားတော်တို့ကို နံနက်က ရွာသို့ ဆွမ်းခံဝင်လေကုန်၍ ကျောင်းတိုင်း တိတ်ဆိတ်သောခါလျှင် "ဘုရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော တိတ္ထိတို့သည်

• ကြိုက် – အခိုက်အခါ ကြုံကြိုက်၊ အခါအခွင့်သင့်ခိုက်။

mgyoe.com SAMPLE BOOK
ကား အထားအသို မသင့်တင့်သည်ကို မြင်လေမူကား 'ဂေါတမ တပည့်သားတို့ကား ဆရာတို့၏ အဆုံးအမကို မနာကုန်၊ အသိမ်းအဆည်း မရှိကုန်' ဟု ပြစ်တင်စရာ ပြည်ပျက်စရာ* မူလေခဲ့အံ့သတည်း"ဟု ကျောင်းနေတို့ လွန်ပြီး ကျောင်းတိုင်း လှည့်ပတ်၍ တံမြက်လှည်းကောင်းရာလည်းလှည်း၏။ အမှိုက်ပုံ ရှိသော် ကျုံး၏။ အထားအသို မသင့်တင့်သောပရိက္ခရာ ဟူသမျှကို ပြုပြင်၍ ထားသို၏။

ထိုမှတစ်ပါး မအိမသာ ရှိရာရာသို့ စူးစမ်း၍ နှစ်သိမ့်ဖြားယောင်း၏။ ဆေးဝါး လိုမယ်လိုတော်း ရှိသာအလျောက်ကို ပေး၍ ရာမှိုးကောင်းရာရအောင့်ရာ၏။ သူနာလုပ်ကျွေးသော ပဋ္ဌင်းသာမဏေကိုလည်း အားထုတ်၍လုပ်ကျွေးလျှင်းအောင် ချီးမြှောက်ပြောဆို၏။ ဤသို့ စသော ဝတ်တို့ကိုကျင့်ခြင်းဖြင့် နေမြင့်မှလျှင် ဆွမ်းခံဝင်တော်မူပါသတည်း။ ဤကား ကျောင်းဝယ် အမြဲနေသောအခါ ဆောက်တည်သော အကျင့်ဝတ်တည်း။

ဘုရားမြတ်စွာ ဒေသစာရီ သွားတော်မူသောအခါတစ်မူကား အသက်အရွယ် ကြီး၍ ခရီးအလျင် မရောက်တတ်သော ထေရ်တို့ကို လည်းကောင်း၊ သူငယ်ဖြစ်၍ မနိုင်ပါသော သူတို့ကိုလည်းကောင်း ထိုသူတို့၏ ပရိက္ခရာသက်န်း စသည်ကို သူတစ်ပါးကို အကိုင်ထည့်၍ ခြေလက် စသည်ကိုဆိနယ်ငွင်း နယ်စေလျက် ကျန်းအောင်ပြု၍ တစ်နေ့ခရီး ကျန်သည်ကိုသော်လည်း မိနိုင်အောင် ကြည်းဆောင်ရစ်၏။ တစ်နေ့ချင်းတွင်သော်လည်း မိုးချုပ်နေ့တို့ ညဉ့်နက်သန်းခေါင်မှ ကြည်းဆောင်၍ တကျ်ရောက်တော်မူ၏။

တစ်ရံရောအခါတုံ ဤသို့ ကြည်းဆောင်၍ ညဉ့်နက်ပြီအခါမှ ရောက်တော်မူရကား-နေရာမရ ဖြစ်ခဲ့၍ သင်္ကန်းသိုမှီးစရာ ကုဋိတွင်သာ မိုးသောက်လင်းစေတော်မူသတည်း။ ဘုရားမြတ်စွာ ဤအကြောင်းကို သိတော်မူ၍ ဆင်နှင့်၊ မျောက်နှင့်၊ ခါနှင့် သုံးပါး အတူနေကြသောအခါ အသက်ကြီးရာစစ်၍ အရိုအသေပြုကြသော ဇာတ်တရားကို ဟောတော်မူပေသတည်း။ ကြီးစဉ်အလျောက် နေရာပေးရာ၏ ဟူ၍လည်း ဝိနည်းပညတ် အမှတ်ထားတော်မူ၏။ ဤသို့ အစရှိသော ပစ္စည်းအာမိသ သင်္ဂြိုဟ်ခြင်းကိုလည်းအရှင်သာရိပုတ္တရာ သင်္ဂြိုဟ်တော်မူသတည်း။

တရားဖြင့် သင်္ဂြိုဟ်တော်မူသောခါကား ပုထုဇဉ်ကသည် သောတာပန် မဖြစ်ချင်သူ တစ်ယောက်ကို အကြိမ်တစ်ရာသော်လည်း ဆုံးမ၏။

* ပြည်ပျက်စရာ = ပြက်ရယ်ပြုစရာ၊ ပြက်ချော်ချော် ပြောစရာ။


mgyoe.com

mgyoe.com SAMPLE BOOK
အကြိမ် တစ်ထောင်သော်လည်း အထူးထူးသော အကြောင်း အခြင်းအရာ အလှယ်လှယ် ဆုံးမ၏။ ဤသို့နှင့်နှင့် တစ်ယောက်ယောက်ကို အသီးအသီး ဆုံးမ၍ ရဟန္တာ အဖြစ်သို့ တိုင်လေသော ပုဂ္ဂိုလ်တို့ကား ရေတွက်၍ မရနိုင် များစွာ၏။ ဤသို့လျှင် တရားသင်္ဂြိုဟ်ခြင်းဖြင့်သော်လည်း သင်္ဂြိုဟ်တော် မူတတ်သော အစလေ့တော်တည်း။ ဘုရားမြတ်စွာမှ ဆုတ်၍ သင်္ဂြိုဟ် သိမ်းပ်ကားအံ့သည်ကား တပည့်သားကြီး ဖြစ်ပေသောကြောင့် ငါ့ဖို့ ငါ့ဝန် ပေတည်းဟု အခါခပ်သိမ်းလျှင် မလျော့သော နှလုံးတော်ရှိ၏။

ဤကား သူ့ကို အရှင် ဆုံးမတော်မူသော ကျင့်ဝတ် အစလေ့တည်း။

## ၁၈။ အရှင်သာရိပုတ္တရာသည် ၇ နှစ်ရွယ် သာမဏေငယ်၏ အဆုံးအမကို ရိုသေစွာ ခံယူခြင်း အကြောင်း



အရှင်သော်လည်း သူ့ဆုံးမကို ခံတော်မူ၏။ တစ်ရံရောအခါ အရှင်သာရိ ပုတ္တရာထေရ် သင်္ကန်းရုံတော်မူသော် နှလုံးတော် မမူမိ၍ အစွန်အနား ညီညွတ်စွာမရှိ ဖြစ်လေသတတ်။ အသက် ခုနစ်နှစ်ရှိသော သတို့သားငယ် သည် ထိုနေ့ ၎င်းအရှင် ရဟန်းမူ၏။ အရှင်လည်း 'ဤသို့ သင်းပိုင်သင်္ကန်း ဝတ်ရာ၏၊ ဤသို့ စားရာ၏၊ ဤသို့ ဆိုရာ၏၊ ဤသို့ နေရာ၏၊ ဤသို့ သွားရာ၏' ဟု သူငယ်အလျောက် အဝတ်အစား အဆိုအမိန့် အနေအသွား ကိုမျှ သင်တော်မူပေ၏။ သင်တော်မူသည်ကို မှတ်တုံရကား ထိုသို့ရှိသော


mgyoe.com

mgyoe.com SAMPLE BOOK
သာမဏေငယ်သည် အရှင်၏သက်န်း မညီသည်ကို မြင်၍ 'အရှင်ဘုရား ... ဤသို့လည်း ဝတ်ကောင်းပါသလော' ဟု ရှိခိုးလျက် နားတော်လျှောက်၏။ အရှင်လည်း မညီမှန်းသိ၍ ကွယ်ရာ ညီညွတ်အောင် ပြင်ချေပြီးမှ သာမဏေငယ်၏ရှေ့သို့ လာပြန်၍ ဆုံးမတရားကို ရှိသေသော အခြင်းအရာဖြင့် လက်အုပ်ချီတော်မူ၍ 'ခုနစ်နှစ်အရွယ်ဖြစ်သော ယနေ့ ရဟန်းပြုသော သာမဏေငယ်သည် ငါ့ကို ဆုံးမသည် ဖြစ်စေ၊ သာမဏေငယ်ကဲ့သို့သော သူ၏ အဆုံးအမကိုလျှင် ဦးထိပ်ဖြင့် ငါ ခံ၏' ဟု ဆုံးမနာတော်မူလျှင် သတည်း။

## ၁၉။ အရှင်သာရိပုတ္တရာသည် ကိုယ်စိတ် ၂ ပါးကို နှိမ့်ချတော်မူလေ့ရှိခြင်း အကြောင်း

အရှင်သာရိပုတ္တရာ၏ သဘောတော်ကား ဆရာဖြစ်သောသူကို ရိုသေသော အဓလေ့တော်တည်း။

အရှင်အဿဇိ ဟော၍ အစစွာ သောတာပန် ဖြစ်ပေသည်ကို အကြောင်းမူ၍ ဆရာရင်းဟု ရိုသေစွာလျက် အရှင်အဿဇိ နေလေရာ အရပ်သို့ ရှေးရှု၍ "ဦးခေါင်းရင်း၌ ငါ့ဆရာ ရှိသည် မည်စေသတည်း" ဟု ဆောက်တည်စရာပြုသည် ဟူ၏။ အသက်ထက်ဆုံးလျှင် အရှင်၏ သဘောကား စားသောအစာ၌ ဆင်ခြင်သည်ဖြစ်၍ လည်ချောင်းသို့တိုင်အောင် ချဉ်ချဉ်သော ကြို့အန်မျှ မထိုးစဖူး ဟူ၏။ ထိုသို့ အစာ၌ ဆင်ခြင်သောကြောင့် အကျွတ်ရသောခါကစ၍ လေးဆယ့်လေးနှစ်* သက်တော်အဆုံးတိုင်အောင် အိပ်မွေ့ငိုက်မျဉ်းခြင်းမျှ မရှိ။ အိပ်ရာ၌ ကျောက်ဆစ်ဆန့်ဖူးသည်မရှိ ဟူ၏။ အစာ မစားရ၍ ငါ၏ဝမ်းတွင် အအူခွေသည် ဝမ်းမှ ပြင်သို့ ထွက်၍ ကျက်စားလိုသော်လည်း ကျက်စားစေကာမူ စားသော အစာ၌ မစင်ကြယ်သည် မဖြစ်စေဟု ကြိုးတော်မူ၏။

"သဗ္ဗညုတ ဘုရားသခင်ကို လွတ်စေ၊ ပညာအရာ ငါ့ကိုတူသည် မရှိ" ဟု ကြိမ်းတော်မူ၏။ ပရိသတ်အပေါင်းသို့ ရောက်လမူကား "ငါ၏ ကိုယ်ကို ကိုယ်ဟု ငါ မမှတ်၊ နင်းနယ်စရာ ခြေသုတ်ပုဆိုးကဲ့သို့ သူတို့ ညှဉ်းဆဲစရာ ဒွန်းစဏ္ဍား ကိုယ်ကိုနှိမ့်ချသကဲ့သို့ အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသော နွားလား ဥသဘ စောင်းမာန်လျော့သကဲ့သို့ သီတင်းသုံးဖော်တို့

* လေးဆယ့်ငါးနှစ် ဟု က–မူ၌ ဝါရှိ၏။


mgyoe.com

mgyoe.com SAMPLE BOOK
အား ရှိသေမြတ်နိုးစွာ ငါ နှိမ့်ချသတည်း" ဟူ၍လည်း ကိုယ်တော်ကို ညွှတ်၏ *။

## ၂၀။ အရှင်သာရိပုတ္တရာ ဟောတော်မူသော အမျက်ပြေတရား ၅ ပါး

အရှင်သာရိပုတ္တရာကား အမျက်မရှိရာသော တရားကိုလည်း သူတစ်ပါးအား ဟောတော်မူ၏။ အမျက်မရှိသောသူ၏ အကျင့်ကိုလည်း ကျင့်တော်မူ၏။ အမြွက်မျှ ဤသို့ ပြအံ့။

(၁) ပံ့သကူပုဆိုး ကောက်သောသူ မည်သည်ကား ကောင်းရာရွေ့ကိုသာ ယူ၍ မကောင်းသရွေ့ကို ဆုတ်ဖဲ့ပစ်၏။ သို့ အမူမကောင်း၊ နှုတ်ထွက်မျှ ကောင်းသောသူ ဖြစ်မူကား အမူကို မအောက်မေ့လေအပ်။ နှုတ်ထွက်ကိုမျှ နှလုံးမူ၍ အမျက်ရန်ငြိုး ငြိမ်းရာ၏။

(၂) တစ်ဦးတုံ–ရေကန်ပေါ်ဝယ် ရေညှိမှေးအုံ †၊ အပေါ်ကို လှစ်၍ အထဲရေကို သောက်ရာသကဲ့သို့ နှုတ်မကောင်းသောသူ ဖြစ်ငြားသော်လည်း အမူကောင်းသည်ကို အကြောင်းပြု၍ အမျက်ရန်ငြိုး ငြိမ်းရာ၏။

(၃) တစ်ဦးတုံ–နွားခြေခွာရာ အမျှတည်း၌တင်သော မိုးရေကို ပန်းပင်ပူဆာ၍ တစ်ရံရောခါ ရေငတ်ကြိုက်ဖြစ်မူကား ခပ်၍သောက်မူ မသောက်ကုန်ရာသာ ဖြစ်ခဲ့ရကား ပုဆစ်တံတောင် လေးဘက်သောအရာ၌ ညွှန်ကပ်သော်လည်း ဝပ်၍ ခံတွင်းဖြင့် တုတ်သောက် သောက်သကဲ့သို့ အမူလည်း မကောင်း၊ နှုတ်ထွက်လည်း မကောင်း၊ နှစ်ပါးမကောင်း ဖြစ်ငြားသော်လည်း ကြိုးကြားအားဖြင့် တစ်ရံရောခါ နှလုံးကြည်ဖွယ် ရှိငြားမူကား နှလုံးကြည်ခြင်းကို အကြောင်းမူ၍ အမျက်ရန်ငြိုး ငြိမ်းရာ၏။

(၄) တစ်ဦးတုံ–ရွာပြည်မနီး တောခရီးအရပ်၌ ခရီးသွား ယောကျ်ားတစ်ယောက်သည် သည်းစွာသော အနာလည်း ရှိ၏။ လုပ်ကျွေးပိမ့်သော အဖော်အလျော်လည်း မရှိ အနာလွှတ်အံ့သော သပ္ပာယ်

---

* ညွှတ်၏ = ညွှတ်အောင် ပြု၏။

† ရေကန်တည်အပေါ် ပေသီ ရေညှိမှေးအုံ–ဟု ပေမူ ၂ စောင်လုံး၌ ပါရှိ၏။


mgyoe.com

mgyoe.com SAMPLE BOOK

သော ဆေးကိုလည်း မရ၊ အနာနှိပ်စက်ခြင်းသော် တစ်မူကား
အားကြီး၏။ ထိုသို့သော ခရီးသွား သူနာကို အကြင်မျှလောက်
သော သူတို့သည် မြင်ပါကုန်၏။ မြင်မြင်သမျှသော သူတို့
ကား သနားပါသည်ချည်းလျှင် ဖြစ်ရာ၏။ မသနားအံ့သော
သူကား အလွန် ကြမ်းကြုတ်စွာသော သူတည်း။ ဤကဲ့သို့
အမူသည် မကောင်း။ ရုံဖန်မျှ နှလုံးကြည်ဖွယ် မရှိသော သူကို
သော်မူကား ပစ္စုပ္ပန် သံသရာ၌ ဤသူ ခဲယဉ်းလေစွတကားဟု
သနားဆန်းမျှ သနားသည်မူ၍ အမျက်ရန်ငြိုး ငြိမ်းရာ၏။

(၅) တစ်ဦးတုံ-အကြင်ရေကန်သည် ဆိပ်လည်း သာယာ၏။
ထက်ဝန်းကျင် သစ်ပင်အရိပ်လည်း ရှိ၏။ ရေလည်း ချမ်းမြေ့
စွာ မြိန်ရှက်စွာ၏။ ထိုရေကန်သို့ ရောက်၍ ချိုးရပြီး သောက်ရ
ပြီးမူကား၊ ထိုရေကန်ပါး သစ်ရိပ်၌ လေညင်းခံ၍ နေပြီးမူကား
အဘယ်သူ မည်သည် နှလုံးမသာယာ ဖြစ်လတ္တံ့နည်း။ မွေ့
လျော် ပျော်သည်သာလျှင် ဖြစ်ရာသတည်း။ ဤကဲ့သို့ ကိုယ်
နှုတ် နှလုံး သုံးပါးစုံ ကြည်ဖွယ်နှင့်နှင့်ဖြစ်သော သူကိုသော်
ကား အဘယ်သူသည် အမျက်ရန်ငြိုး ပြုအံ့နည်း။ အခါခပ်သိမ်း
ကြည်သည်သာလျှင် ဖြစ်ရာသတည်း။

အမျက်ရန်ငြိုး ဖြေဖျောက်ရာသော အကျင့်ကား ဤငါးပါးတည်းဟု
အမျက်မရှိသော တရားကို ဤသို့လျှင် ဟောတော်မူ၏။

## ၂၁။ အရှင်သာရိပုတ္တရာသည် လာဠုဒါယိ ရဟန်းမိုက်ကို သည်းခံတော်မူခြင်း အကြောင်း

တစ်ရံရောအခါ ဘုရားသခင် ရှေ့တော်၌ သံဃာများ အလယ်တွင် အရှင်
သာရိပုတ္တရာ တရားဟော၏။ ထိုအခါ၌ လာဠုဒါယိ ဟူသော ရှင်မိုက်
တစ်ယောက်သည် ‘အရှင်ဟောသော တရား မဟုတ်’ ဟု ဆိုလင့်လေ၏။
အရှင်သာရိပုတ္တရာလည်း မသိ၍ဆိုသော ထိုရှင်မိုက်၏စကားကို နှလုံး
မမူဘဲ ဟောပြန်တုံတုံလျှင် သုံးကြိမ်စေအောင် ဟောထပ်ပြန်၏။ ရှင်မိုက်
လာဠုဒါယိလည်း သုံးကြိမ်စေအောင်လျှင် ပစ်ပယ်တုံတုံ ပစ်ပယ်လင့်၏။
အရှင်သာရိပုတ္တရာလည်း ဘုရားသခင် ရှေ့တော်တွင်လျက် “သြ ... ဤသူ
ကား ငါ့စကားကို ပစ်ပယ်လေ၏။ သံဃာများ အပေါင်းတွင်လည်း တစ်


mgyoe.com

ယောက်သသူမျှ ငါ့စကားကို ဟုတ်သည်ဟု သာဓုနုမော်ပေးသည် မရှိ၊ ငါ နေဘိကောင်း၏”ဟု တရားမဟောပဲ နေတော်မူဘိ၏။ ထိုသို့နေပြီးမှ ဘုရားမြတ်စွာ လာဠုဒါယီကို ဤသို့ ဆိုတော်မူ၏။ ‘ကိုယ်သို့သော ရှင်မိုက် မလိမ္မာသည် ဆိုပါအပ်သောစကား ရှိသည်ဟူ၍ အောက်မေ့ပါသလော၊ ကိုယ်ဆိုဖွယ် မရှိပါတကား’ဟု မိန့်တော်မူဦး၍ အရှင်အာနန္ဒာကို တရား ဘဏ္ဍာစိုး ဖြစ်သောကြောင့် ခေါ်၍ ဆိုတော်မူ၏။ ‘မထေရ်ကြီးကို ရှင်မိုက် ညှဉ်းဆဲသည်ကို သိလျက်၊ ကြားလျက် ကိုယ်တို့ လျစ်လျူနေတတ်အားစွ တကား’ ဟု အရှင်အာနန္ဒာကို ဘုရားမြတ်စွာ မိန့်တော်မူဖူး၏။ ဤသို့ ဘုရားမြတ်စွာသော်လည်း ထူးခေါ်တော်မူ၍ အားနာကြောင်းလျှင် ဩ ... အမျက်မရှိသော သူတို့၏ အကျင့်ကို ကျင့်၍ သည်းခံတော်မူသလျှင် ကတည်း။

ဤမျှလောက်သော စကားသည်ကား အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်တို့၏ သဘောအကျင့်ကို ပြသော အမြွက်စကား တစ်ခန်း တည်း။

**အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် နှစ်ပါးတို့၏**
**အကျင့်ကို နည်းယူရန် ပြဆိုသောစကား ပြီး၏။**

mgyoe.com

mgyoe.com SAMPLE BOOK

လူယောကျ်ားတို့ နည်းယူ လိုက်နာရန် ပြဆိုသော

# အခန်း (၂)

## စိတ္တသူကြွယ်၏ အတိတ်ဝတ္ထု

**၂၂။ စိတ္တသူကြွယ် ဆုတောင်းပတ္ထနာပြုခြင်း အကြောင်း**

စိတ္တသူကြွယ်၊ ဟတ္ထာဠဝက သီတင်းဦးကြီး နှစ်ယောက်တို့တွင် စိတ္တသူကြွယ်၏ ဝတ္ထုကား ဤသို့တည်း။ ဤဘဒ္ဒကပ်ကမ္ဘာမှ ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တိုရ် ဘုရားသခင် ဖြစ်တော်မူ၏။ ထိုအခါ ဟံသာဝတီပြည်၌ စိတ္တသူကြွယ်ကား မြတ်သောအမျိုး၌ ဖြစ်၍ ဘုရားမြတ်စွာသည် ဒါယကာ တစ်ယောက်ကို တရားစာပေ ဟောပေတတ်သော အရာ၌ ဧတဒဂ် ထားတော်မူသည်ကိုမြင်၍ ဤနှင့်အတူ ဖြစ်ပါချင်၏ဟု အလှူအတန်းပေး၍ ဆုတောင်းပတ္ထနာမူသတည်း။

ဤကမ္ဘာထက်၌ ဘုရားကဿပ လက်ထက်တော်တစ်မူကား မုဆိုးအမျိုး၌ ဖြစ်၏။ တစ်နေ့သ၌ သားငါးရှာစကြစဉ်တည်း တောဝယ်နေသော ဘုရားတပည့်သား အရှင်တစ်ယောက်ကို မြင်၍ အိမ်မှာ ဆွမ်းယူချေစေ၍ အရှင်အား ဆွမ်းလှူ၏။ တောပန်း ရသမျှကို ရှာ၍ ပူဇော်၏။ အရသာနှင့် အကွ ဆွမ်းကိုလှူ၍ "ပန်းပူဇော်ရသော ကောင်းမှုကို (အကျွန် နှစ်သက်စွာ၏၊ နှစ်သက်သောကောင်းမှုကို) ပြုရသောအားဖြင့် ဖြစ်လေရာရာ သံသရာ၌ အထောင်မကမ များစွာသော ပဏ္ဏာကာရများစွာ ရောက်၍ အဆင်းငါးပါး ရှိသော ပန်းမိုးအတိ ကောင်းကင်မှ ရွာစေသတည်း" ဟု ဆုတောင်း၏။ ဘုရား တပည့်သားတော် အရှင်လည်း "ဒကာ တောင်းသည်ဆု ပြည့်စေ

( ) က-မူ၌သာ ပါ၍ ခ-မူ၌ မပါ။



mgyoe.com

mgyoe.com SAMPLE BOOK

သတည်း" ဟု ဆိုပေလျက် ဒကာ၏ နှလုံးအလိုကို သိ၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ဒကာအား သင်ပေး၏။ ဒကာလည်း အသက်ရှိသရွေ့ ကုသိုလ်ကောင်းမှုပြု၍ နတ်ပြည်၌ ဖြစ်လေ၏။ ဖြစ်သောခဏာလျှင် ဖိမာန်၌ ပုဆစ်ထူးမျှလောက် နစ်ကျံအောင် နတ်ပန်းမိုး ရွာပေ၏။ ပန်းပူဇော်ဖူးသော ကုသိုလ်ဖြင့် နတ်တကာတို့ထက် လွန်၍ အဆင်းအဝါ တင့်တယ်စွာ၏။

## စိတ္တသူကြွယ်၏ ပစ္စုပ္ပန်ဝတ္ထု

### ၂၃။ စိတ္တသူကြွယ် အနာဂါမ်ဖြစ်ခြင်း အကြောင်း

ကဿပဘုရားသခင်ကသည် ဘုရားတစ်ဖြစ်အကြား နတ်ပြည်၊ လူ့ပြည်၌သာ ငါတို့ ဘုရားသခင် တိုင်အောင် စည်းစိမ်ခံစား၍ ငါတို့ဘုရား လက်ထက် တစ်မူကား မဂဓတိုင်း၌ မစ္ဆိကသဏ္ဍပြည်၌ သူဌေးမျိုးတွင် ဖြစ်လာ၏။ ဖွားသောခဏာလျှင် အဆင်းငါးပါးရှိသော ပန်းမိုးအတိ ပုဆစ်ထူးမျှလောက် ကျံအောင် ပြည်အလုံးလျှင် ပန်းမိုးရွာ၏။ ပြည်အလုံး အဆင်းငါးပါး ရှိသော ပန်းအတိ ဆန်းကြယ်သည်ကို အကြောင်းမူ၍ အမိ အဖတို့လည်း "ငါ့သားကား မိမိအမည်ကိုယူ၍လျှင် လာသတည်း" ဟု စိတ္တသတို့သား ဟု အမည်မှည့်ကုန်၏။ ကြီးပြောင်စင်လတ်သောအခါ၌ အိမ်ရာထောင်၏။ အဖ လွန်လတ်သော် မစ္ဆိကသဏ္ဍပြည်၌ သူဌေးအရာကို ရ၏။

ထိုအခါ၌ ပဥ္စဝဂ္ဂီ ငါးယောက်တို့တွင် မဟာနာမထေရ်ဟု အမည်တွင်သော ဘုရားတပည့်သားတော် အရှင်ကို ဖူးတွေ့ရလေ၍ အရှင်အား ကြည်ညိုစွာဖြစ်၍ ထိုပြည်၌ အမ္ဗါဋကာရာမ ဟု တွင်သော ဥယျာဉ်၌ ကျောင်းဆောက်၍ အမြဲ လုပ်ကျွေးပါရအောင် ပဋိညာဉ်ပါ ပြုစေ၍ အရှင်ကို ပစ္စည်းလေးပါးဖြင့် လုပ်ကျွေး၏။ အရှင်မဟာနာမလည်း ဒကာ စိတ္တသူဌေး၏ နှလုံးကြိုက်နှစ်သက်သော တရားကို ဟောပေသောအခါ အာယတန ခြောက်ပါးကို ဝေဖန်သည်၊ ပရမတ်တရားကိုလျှင် ဟောပေသတည်း။ စိတ္တသူကြွယ်ကား သံသရာက ခန္ဓာငါးပါးကို ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း စသောအားဖြင့် လေ့ကျက်စွာ စီးဖြန်းဖူးသည် ဖြစ်သောကြောင့် အရှင်တရားကို ကြားလျှင် မကြာမမြင့် အကျွတ်တရားသုံးတန် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်လျှင်သတည်း။

စိတ္တသူဌေးကား ဤသို့ အရိယာပုဂ္ဂိုလ် ဖြစ်ပြီးသော်လည်း အရှင်


mgyoe.com

mgyoe.com SAMPLE BOOK
ဘုရားကို မဖူးမြင်ရပဲ အခါလေးမြင့် ကြာသတည်း။ မစ္ဆိကသဏ္ဍပြည်နှင့် ရာဇဂြိုဟ်ပြည်ကား ယူဇနာသုံးဆယ် ကွာ၏။ စိတ္တသူဌေးလည်း ပစ္စည်းလေးပါးကို လှည်းငါးရာဖြင့် တင်ခဲ့၍ "ဘုရားသခင်ကို ဖူးမြင်လိုသောသူသည် ငါနှင့်အတူ လာလှည့်ကုန်" ဟု စည်လည်စေ၍ နှစ်ထောင်သော ပရိသတ်ဖြင့် ရုံလျက် ဘုရားနေတော်မူသော ရာဇဂြိုဟ်ပြည်သို့ သွားလေ၏။ ခရီးအကြား၌ နတ်များတို့ ပူဇော်သကာမူကုန်၏။

ဘုရားသခင် အထံတော်ရောက်၍ ရှိခိုးပူဇော်ကြိုက်လည်း အဆင်းငါးပါးရှိသော ပန်းမိုး ရွာ၏။ စိတ္တသူကြွယ်ကား အာယတန တရားကိုလျှင် ကြိုက်နှစ်သက်သော အစလေ့ ရှိသတည်း။ ထို့ကြောင့် ဘုရားမြတ်စွာလည်း သူဌေး နှစ်သက်သော အလျောက် သိမ်မွေ့စွာသော အာယတနခြောက်ပါးကိုလျှင် အကျယ် ဟောတော်မူပေသတည်း။ သူဌေးလည်း ဘုရားသခင်အထံ၌ လခွဲမျှလောက်နေ၍ အလှူအတန်း ပေးခဲ့၏။ ထိုပေးသော အလှူသည်ကား ရာဇဂြိုဟ်ပြည်သူတို့ ပို့သလှာသော လက်ဆောင်ပဏ္ဏာကာရနှင့်သာ တန်လေသတည်း။ မိမိအိမ်မှ ဆောင်ခဲ့သော လှည်းငါးရာအနက်တို့သည်ကား ပြည့်တိုင်း ရှိသေး၏။ ထိုမျှလောက် လှည်းငါးရာအနက်ကို သံဃာအား စုပုံ၏။ လှည်းငါးရာ အလွတ် ဖြစ်လတ်ပြီးမှ နတ်တို့ရတနာ ခုနစ်ပါး ပြည့်ပြန်စေတုံ၏။ ဤသို့ အံ့ဖွယ် ဖြစ်ခြင်းသည်ကား ရှေးက ဆုတောင်းပတ္ထနာ မူဖူးသောကြောင့် ဖြစ်သတည်း။

ဘုရားသခင် လက်ထက်တုံ ခုနစ်ယောက်သော ဒကာ သီတင်းဦးတို့သည် အရိယာဖြစ်သော သီတင်းဦးအတိ ငါးရာ၊ ငါးရာ အရံ ရှိကုန်သတည်း။

(၁) ဓမ္မိက သီတင်းဦးတစ်ယောက်။

(၂) ဝိသာခ မည်သော သီတင်းဦးတစ်ယောက်။

(၃) ဥဂ္ဂသူကြွယ်ဟု တွင်သော သီတင်းဦးတစ်ယောက်။

(၄) စူဠအနာထပိဏ္ဍိက သီတင်းဦးတစ်ယောက်။

(၅) မဟာအနာထပိဏ္ဍိက သီတင်းဦးတစ်ယောက်။

(၆) စိတ္တသူကြွယ် သီတင်းဦးတစ်ယောက်။

(၇) ဟတ္ထာဠဝက သီတင်းဦးတစ်ယောက်။

ဤခုနစ်ယောက်တို့တည်း။ ခုနစ်ယောက်တွင် စိတ္တသူကြွယ်ကား အရိယာ သီတင်းဦးအတိ အရံ ငါးရာ ရှိသတည်း။ စိတ္တသူကြွယ်ကား


mgyoe.com

mgyoe.com SAMPLE BOOK
ပညာကြီးသော အားဖြင့် ထိုထိုသော ဘုရား တပည့်သားတော် အရှင်တို့နှင့် နက်နဲသော ပရမတ် တရားကိုလျှင် မေးဖော် ဖြေဖော် ဖြစ်ကြ၏။ ဘုရား တပည့်သား အရှင်တို့၏ ချီးမွမ်းခြင်းကိုလည်း ခံရ၏။ အရှင်တို့ကိုသော်လည်း ဂုဏ်ကျေးဇူးအလျောက် သိသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းတတ်၏။

စိတ္တသူကြွယ်၏ အစလေ့ကား ပညာလည်း ရှိ၏။ ပညာရှိသော အကျင့်ကိုလည်း ကျင့်၏။ နက်နဲသော ပရမတ်တရားကိုလည်း သိမြင်နိုင်၍ "မိမိဆင်သော နားတောင်းကို နားတောင်းဝတ်သောသူသည် လှုပ်ချောက်ချားသော် မခဲမယဉ်း၊ အလိုအတိုင်း လှုပ်ချောက်ချားသကဲ့သို့" ပိဋကတ်သုံးပုံကို အစ–အလယ်–အဆုံး အားဖြင့် ဖွေနှည်၍ ချောက်ချားနိုင်၏။

## ၂၄။ စိတ္တသူကြွယ်သည် ပညာရှိတို့၏ အကျင့်သုံးပါးနှင့် ပြည့်စုံခြင်း အကြောင်း

ပညာရှိ မည်သည်ကား–

(၁) သူ့အမေးကို အသင့်အားဖြင့် သိသာအောင် ဖြေတတ်၏။

(၂) မိမိလည်း အသင့်အားဖြင့် ဖြေသာနိုင်အောင် သူ့ကို မေးတတ်၏။

(၃) အသင့်အားဖြင့် သိသာအောင် ဖြေလေတုံသော်လည်း နှစ်လိုဝမ်းမြောက်စွာ ဖြစ်လျက် ကောင်းချီးပေးတတ်၏။

ဤသို့ သုံးပါးလျှင် ပညာရှိအကျင့်တည်း။ သုံးပါးစုံသော ပညာရှိ အကျင့်ကိုလည်း စိတ္တသူကြွယ် ကျင့်၏။

## ၂၅။ စိတ္တသူကြွယ်သည် သံယောဇနနှင့် သံယောဇနိယ တရားကို ခွဲ၍ ဟောကြားခြင်း အကြောင်း

စိတ္တသူကြွယ် မေးသော ပြဿနာကို ဆိုသော အရာကား သိမ်မွေ့နက်နဲစွာ၏။ အမြွက်မျှ ပြအံ့။ ဘုရားတပည့် ပုထုဇဉ် အရှင်တို့သည် သံယောဇနတရား၊ သံယောဇနိယတရား ဤနှစ်ပါးတို့၏ အနက်အဓိပ္ပာယ်ကို မသိကြ၍ စကားနှစ်ခွန်းကား ဆို၏။ "အနက်သော်ကား အတူတူလျှင်တည်း" ဟု တချို့ ဆို၏။ "စကားလည်း နှစ်ခွန်း ဆို၏။ အနက်လည်း တစ်ပါး တစ်ပါးတည်း" ဟု တချို့ ဆို၏။ အံနေမကျကြပဲ ဖြစ်သည်ကို စိတ္တသူကြွယ် ကြား၍ ဤသို့ ဖြေပေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

## ၂၅–စိတ္တသူကြွယ်သည် သံယောဇနနှင့်သံယောဇနိယ တရားကိုခွဲ၍ဟောကြားခြင်းအကြောင်း



**သံယောဇနတရား** ဟူသည်လည်း အနက်တစ်ပါး၊ သံယောဇနိယ ဟူသည်လည်း အနက်တစ်ပါး၊ နွားနက်လည်း တစ်ခု၊ နွားဖြူလည်း တစ်ခု၊ နွားနက် အလိုလိုလည်း နွားဖြူကို မကျွာရအောင် မပြု၊ နွားဖြူလည်း နွားနက်ကို မကျွာရအောင် မပြု။ အကြင်ရောအခါ ကြိုး၊ ထမ်းပိုးနှင့် တွဲ၍ချည်၏။ ကြိုး၊ ထမ်းပိုးသည်လျှင် နွားနှစ်ခုကို မကျွာရအောင် ပြုသတည်း။ ကြိုး၊ ထမ်းပိုးကား သံယောဇဉ်တရားနှင့် အတူတည်း။ နွားနှစ်ခုသည်ကား သံယောဇနိယတရားနှင့် အတူတည်း။ သံယောဇန တရား ဟူသည်ကား တပ်ခြင်းရမ္မက်တည်း။ သံယောဇနိယတရား ဟူသည်ကား ရူပါရုံနှင့် မျက်စိတည်း။ အကြင်ရောအခါ အဆင်းကို တပ်၏။ ထိုအခါ အဆင်းကို မျက်စိဖြင့် ကြည့်၏။ အကြင်ရောအခါ အသံကို တပ်၏။ ထိုအခါ အသံကို နားဖြင့် နာ၏။ အာရုံခြောက်ပါး ဤနည်းတည်း။ ဤသို့ တပ်ခြင်းရမ္မက်သည်လျှင် အဆင်းနှင့် မျက်စိကို ယှဉ်စေသည် မည်သတည်း။

ဤသို့ စိတ္တသူကြွယ် ဖြေသည်ကို ကြားလျှင် "ဘုရားတပည့်သားတို့ကား ဘုရားသာသနာတော်တွင် ဘုရားအလိုတော်ကို သိသဖြင့် ဤသို့ ကိုယ်အဖြစ်ကို သူဌေး ရကောင်းလေစွ၊ ဤသို့သော အသက်ရှည်ခြင်းကို ရတော်လေစွ" ဟု ကောင်းချီးပေးကုန်၏။



mgyoe.com

## ၂၆။ စိတ္တသူကြွယ်သည် တရားစကားကို ဆိုတတ်သော အရာ၌ ဧတဒဂ်ရခြင်း အကြောင်း

တစ်ရံရောအခါတုံ ဘုရားတပည့် သားတော်တို့ကို သူဌေး ပြဿနာ မေးပါတုံ၏။

နိရောဓသမာပတ် ဝင်သောသူလည်း စိတ်မရှိ၊ သေသသူလည်း စိတ်မရှိ၊ ဤနှစ်ပါး အထူးကား အဘယ်နည်းဟု မေး၏။

ဘုရားတပည့်သား အရှင်တို့လည်း သေသသူကား အသက်ဣန္ဒြေ မရှိ။ မျက်စိ၊ နား၊ ပါး စသည်ဖြင့် ဖောက်ပြန်၏။ နိရောဓသမာပတ် ဝင်သောသူကား အသက်ဣန္ဒြေ ရှိ၏။ မျက်စိ၊ နား၊ ပါး စသည် မဖောက်ပြန်။ ဤသို့လျှင် သူကြွယ်ကို ဖြေပေ၏။

သူကြွယ်လည်း ကြိုက်နှစ်သက်စွာ ဖြစ်၍ ဘုရားတပည့်သားတို့ကို ချီးမွမ်းထောမနာလျက် ပစ္စည်းလေးပါးဖြင့် ခွင့်မူ၏။ ဤကား သူဌေး ပညာရှိ အကျင့်ကို ကျင့်သောအရာ၌ အမြွက်စကားတည်း။

ဘုရားမြတ်စွာကား ဤသို့ စသော သူဌေး၏ ပညာကျေးဇူးကို အကြောင်းမူ၍ တရားစကားကို ဆိုပေတတ်သော ဒကာတို့တွင် ဧတဒဂ် ထားတော်မူသတည်း။

[စိတ္တသူကြွယ်၏ ကျင့်နည်းပုံ အမြွက်ကား ပြီး၏။]

### ဟတ္ထာဠဝက သီတင်းဦး၏ အတိတ်ဝတ္ထု

## ၂၇။ ပဒုမုတ္တရ ဘုရားထံ ဗျာဒိတ်ခံရခြင်း အကြောင်း

ဟတ္ထာဠဝက သီတင်းဦး၏ ဝတ္ထုကား ဤသို့တည်း။ လွန်လေပြီးသော ကမ္ဘာတစ်သိန်း ထက်၌ ပဒုမုတ္တရ ဘုရားသခင် လက်ထက် ဟံသာဝတီ ပြည်၌ ဒကာတစ်ယောက် ဘုရားသခင် အထံဝယ် တရားနာပါသတတ်။ ပဒုမုတ္တရ ဘုရားသခင်ကား ထိုဒကာ တရားနာစဉ် ဒကာတစ်ပါးကို သင်္ဂြိုဟ် ခြင်း လေးပါးတို့ဖြင့် သင်္ဂြိုဟ်သောသူတို့တွင် ဧတဒဂ် ထားတော်မူ၏။ ထိုကိုမြင်၍ တရားနာသော ဒကာသည် ကြီးစွာသော အလှူအတန်းဖြင့် ပူဇော်သကာမူ၍ ထိုဧတဒဂ် အရာကို ဆုတောင်းပါ၏။ ကမ္ဘာတစ်သိန်း တိုင်အောင်လျှင် လူ့ပြည်၊ နတ်ပြည်တွင်သာ ချမ်းသာခံစား၍ ယခုကမ္ဘာ ထက် အာဠဝီတိုင်း၌ အာဠဝက မင်းကြီးသား ဖြစ်လာ၏။ "ဟတ္ထာဠဝက

mgyoe.com SAMPLE BOOK
သိတင်းဦး" ဟု အမည်တွင်လျက် တေဒဂ် ရ၏။ ဤ၌ အာဠဝကသုတ် အလုံးကို အကျယ်ဟောတော်မူပေရာသတည်း။

## ဟတ္ထာဠဝက သီတင်းဦး၏ ပစ္စုပ္ပန်ဝတ္ထု

## ၂၈။ အာဠဝကမင်းကြီး တောကစားထွက်တော်မူခြင်း အကြောင်း

ဘုရားမြတ်စွာ အာဠဝီပြည်၌ တစ်ဂါဝုတ်မျှလောက်သော အာဠဝကဘီလူး နေရာဗိမာန်၌ နေတော်မူလေသောအခါ အာဠဝကဘီလူး ဘုရားသခင်သို့ ရောက်လာသတည်း။ ဤသို့ ရောက်လာသော အစဉ် စကားအကျယ်ကား ဤသို့တည်း။

အာဠဝီပြည်ကို အစိုးရသော အာဠဝက မင်းကြီးသည် မင်းစည်းစိမ် ခံစားလျက် အမေ့အကျန် မရှိစေပဲ ခိုးသူ မုဒိမ်းတန္တတို့ကို ခွင့်မရစိမ့်သောငှာ လည်းကောင်း၊ ပြည်ထောင်ချင်း မင်းတို့၏ လုပ်ဟန် ကြံဟန်ကို မြစ်တား လိုသောငှာ လည်းကောင်း၊ အားလုံ့လ အစွမ်းသတ္တိ မိမိအကျင့် ရှိစေ လိုသောငှာ လည်းကောင်း ခုနစ်ရက် တစ်ခါ တစ်ခါ တောကစားသတည်း။ ထိုအာဠဝက မင်းကြီးကား "အကြင်သူ၏တာ၌ တောသား ပြေးလွတ် လေအံ့၊ ထိုသူဝန်လျှင် ဖြစ်စေသတည်း" ဟု အမြဲအချက် ဆိုသတည်း။ တစ်ရံရောအခါ မင်းကြီးတာက လည်းကောင်း တောသား ပြေးထွက်ခဲ့ သတည်း။ မင်းကြီးလည်း စွမ်းသန်သော အစလေ့ဖြင့် လေး ကိုင်ကာ ခြေကျင်လျှင် သုံးယူဇနာမျှလောက် မမိမချင်း လိုက်လေသတည်း။ ဧဏီ မည်သော သားတို့ သဘောကား သုံးယူဇနာ တိုင်အောင်လျှင် ပြေးနိုင် စမြဲတည်း။ ထို့ကြောင့် မင်းကြီး လိုက်သော တောသားလည်း ဧဏီ ဖြစ်၍ သုံးယူဇနာတိုင်လျှင် အားကုန်ခဲ့ရကား ရေနက်တွင် ဆင်းဘိသကဲ့သို့ မပြေး နိုင်ဘဲ ကြံ့တုံ့ရပ်ကာ ဖြစ်သတည်း။

မင်းကြီးလည်း "ထိုတောသားကို သတ်၍ ဟင်းမျိုးကို ယူအံ့သော သူ မဟုတ်လျက် မင်းကြီး မမိနိုင်ချေ" ဟူသော အဖြစ်ကို သူမထင်စေလို၍ ရချေမှန်းသိအောင် နှစ်ပိုင်းဖြတ်၍ ထမ်းပိုးနှင့် ထမ်းလျှင်းခဲ့သတည်း။ ထိုသို့ ထမ်းလျက် လာလတ်သော်လျှင် အရိပ် ချမ်းမြေ့စွာသော ပြည်အနီး ညောင် ပင်၌ ချ၍ ငြိမ်သက်၏။


mgyoe.com

mgyoe.com
SAMPLE BOOK

## ၂၉။ အာဠဝက ဘီလူးနှင့်တွေ့၍ ကတိစကား ထားခဲ့ရခြင်း အကြောင်း

ထိုပြည် ညောင်ပင်တစ်မူကား အာဠဝက ဘီလူး နေရာတည်း။ အာဠဝက ဘီလူးကား စတုမဟာရာဇ် နတ်မင်းတို့သည် "မွန်းတည့်သောအခါ ညောင်ရိပ် ရောက်သော အရပ်သို့ လာသောသူကို အစိုးပိုင်စေ" ဟု အခွင့်ပေး၍ နေရသော ညောင်ပင် ဖြစ်ခဲ့ရကား၊ ညောင်ပင်အောက် အရိပ်တွင် ဝင်မိ ချေသောသူ ဟူသမျှကို အာဠဝကဘီလူး စားလေသည် နှင့်နှင်တည်း။ ထို့ကြောင့် မင်းကြီးကိုမြင်လျှင် 'စားစရာ ရောက်လှာပြီ' ဟု အာဠဝကဘီလူး ဆိုလင့်သတည်း။

မင်းကြီးလည်း ဘီလူးကိုမြင်လျှင် ဘီလူး အရှိန်အစော်ဖြင့် ကြောက် လန့်ခြင်းကို ရ၍ ကိုယ်လက်ခက်တရော် ဖြစ်လျှင်းခဲ့။ သစ်သားလုံကန် သဖွယ် အခြေနှစ်ဖက်လည်း စင်းလျှင်း ဖြစ်ခဲ့ရကား ထ၍မျှ မပြေးတတ် အားခဲ့။ မင်းကြီးလည်း 'ဟင်းမျိုးကို ယူ၊ ငါ့ကိုလွှတ်' ဟူ၏။ ဘီလူးလည်း 'ပါသရွေ့ဝန်နှင့်အကွ ငါ့အစာ ဖြစ်ပြီးသတည်း၊ အဘယ့်ကြောင့် လွှတ်ချင် ကာလျှင် စဉ်းလဲမှုနှင့် ကိုယ်ကိုလှယ်လသနည်း' ဟု မလွှတ်။ မင်းကြီး လည်း 'ငါ့ကို လွှတ်ကာမူ နေ့တိုင်း နေ့တိုင်း လူတစ်ယောက် ထမင်း တစ်အိုးတန် ရောက်စိမ့်' ဟု အဆုံးအဖြတ်ကို ပေးခဲ့၏။

ဘီလူးလည်း 'မင်းကြီး စည်းစိမ်ခံစား၍ မေ့လျော့လေမှုကား ဆိုတိုင်း မမှန်အံ့သတည်း။ ငါတို့သည်လည်း ဗိမာန်တွင် ဝင်လှာသောအကြိုက် ခွင့်မှုခဲ့ပြီး၍ ထွက်လေသသူကိုသာ အစိုးပိုင်ပလေသတည်း။ မဝင်လှာ ခွင့်မမူသော သူကိုကား အစိုးမရပလေ။ မင်းကြီးကို လွှတ်ချေအံ့၊ ဆိုတိုင်း မပေးလှာမဲ ဖြစ်ဘိမူကား ပို့လာ၍ စားရသည်ကို ထားဘိ၊ အရင်းသည် မင်းကြီးကိုမျှ မစားရပဲ အချည်း ဖြစ်ချိမ့်သတည်း' ဟု မလွှတ်လိုလျှင်းပဲ ဖြစ်ဘိသတည်း။ မင်းကြီးကား 'မပို့လှာသနေ့လျှင် ငါရှိရာ အစိုးပိုင် လေစေ' ဟု ကိုယ်တော်ကို ခွင့်မှုဘိသတည်း။ ဤသို့ ခွင့်ပြုပြီးမှလျှင် ဘီလူး လက်မှ လွှတ်၍ သွားရသတည်း။

## ၃၀။ အာဠဝက ဘီလူးအား ၁၂ နှစ်ပတ်လုံး အစာပို့ရခြင်း အကြောင်း

ဗိုလ်ပါများအပေါင်းလည်း မင်းကြီး အလာကို ငံ့လျက် နေကြကုန်၏။


mgyoe.com

mgyoe.com SAMPLE BOOK
မင်းကြီး လာလသည်ကို မြင်သော် မမိနိုင်ချေဟု သူ ပြည်အံ့သည်ကို မခံဝံ့၍လျှင် 'အရှင်မင်းကြီး ဤသို့စင် ပန်းပင်တော်မူလေသည်တကား' ဟု မခေါက်မရက်သော စကားကို ဆိုကုန်လျက် ခရီးဦးကြိုဆိုလင့်ကြ၏။ မင်းကြီးလည်း ဘီလူးနှင့် တွေ့ချေသော အခြင်းအရာ ဟူသမျှကို ဗိုလ်ပါအား ကြားပေ၍ ပြည်သို့ရောက်လျှင် မြို့ကွပ်ကိုခေါ်၍ ဝန်ခံပေသည်ကို ကုန်လေစေ ဟူ၏။

မြို့ကွပ်လည်း 'ဤမျှသော လ၊ နှစ် အခါရွေ့ လူတစ်ယောက်နှင့် ထမင်းတစ်အိုးတန် ပေးအံ့ဟု ဆုံးဖြတ်ခဲ့ပါသလော၊ မဆုံးဖြတ်လော' ဟု မင်းကြီးကို မေး၏။ မင်းကြီးလည်း 'မဆုံးဖြတ်ဘူး' ဟူ၏။

'အရှင်မင်းကြီး ... ဤသို့ မဆုံးမဖြတ် ဝန်ခံတော်မူချေသည် မသင့်၊ နေ့ရက် ဆုံးဖြတ်ခဲ့တပြီးကား ဆုံးဖြတ်သောအခါ တိုင်ရုံသာ ပေးရအံ့တည်း။ ဆုံးဖြတ်သရွေ့ အခါထက်လွန်၍ ဘီလူးတို့မည်သည် မတောင်းရပြီ။ နေ့ဆုံးရက်ဖြတ် အရှင်မင်းကြီး မဆိုမိချေ ဖြစ်ခဲ့ရကား အဟုတ်လျှင် လူကုန်ပေအံ့သတည်း။ ဇနပုဒ်ပြည်သူတို့ ကျဉ်းမြောင်းစွာဘိသတည်း။ ထိုသို့သော်လည်း ကြောင့်ကြမဲ့ မင်းစည်းစိမ် ခံတော်မူ၊ အကျွန်ုပ်လျှင် ပြုအပ်သောအမှုကို ပြုအံ့' ဟု ဝန်ခံ၍ နံနက်အခါကလျှင် ထ ၍ နှောင်အိမ်တံခါးဝဌာ ရပ်လျက် သိုထားသူတို့ကို ဆိုလေ၏။

အကြင် အကြင်သူသည် သေထိုက်၏။ ထိုထို သေထိုက်သောသူကို ရည်၍ 'အသက်ရှည်လိုသောသူ ထွက်လှည့်၊ သေထိုက်သောသူ နေလေ' ဟူ၏။ ထိုသို့ပြီးလျှင် ရှေးအလျင် ထွက်သသူကို ယူ၍ ရေမိုးချိုး၍ အစာအရေ စားစေ၍ 'ဤထမင်းအိုးတန်ကို ဘီလူးအား ပို့ပလေ' ဟု စေလိုက်၏။ ဘီလူးလည်း ကြောက်ဖွယ်ကို ဖန်ဆင်းလျက် မိမိ ညောင်ပင်ရင်းသို့ ထမင်းအိုးတန်နှင့် ရောက်လာသသူကို ကြာရင်း ကြာစွယ်ကို စားသကဲ့သို့ စားနှင့်လေ၏။

ဘီလူးတို့၏ အာနုဘော်ဖြင့် လူတို့၏ ဆံ၊ အရိုး အစရှိသည်သော်လည်း နွားနို့၊ ဆီဦးအခဲကဲ့သို့ မြိန်ရှက်စွာ ဖြစ်လေကာတည်း။ ဘီလူးစာပို့လေသော မင်းချင်းတို့သည်ကား ထိုသို့ ဘီလူးစားသည်ကို မြင်သော် ကြောက်လန့်စွာ ဖြစ်ကြလျက် အချစ်အခင် မိတ်ခင်ပွန်းတို့ကို ဆိုပေ၏။ 'ခိုးသူတို့ကို မင်းကြီးကား ဖမ်းချေ၍ ဘီလူးစာ ပေးကာတည်း' ဟု ကြားလေသော် လူတကာတို့ကား ခိုးဝှက်မှုကို ရှောင်ကြဉ်လျှင်းကုန်၏။ ဤသို့


mgyoe.com

mgyoe.com SAMPLE BOOK

ခိုးသူသစ်လည်း မမိ၊ ခိုးသူဟောင်းလည်း ကုန်ခဲ့၊ ခိုးသူ ထားသော နှောင်အိမ်လည်း အလပ် ဖြစ်ခဲ့။ ဤအကြောင်းကို မင်းကြီးအား ကြားလေ၏။

မင်းကြီးလည်း 'ဥစ္စာလိုချင်သူ ကောက်မိလေက ဖမ်းရစေ' ဟု မင်းကြီး ဥစ္စာကို လည်းကောင်း ခရီးကြီး ခရီးငယ်၌ ပစ်ချလေစေ၏။ ထို ဥစ္စာကိုလည်း ပြည်သူတို့ ခြေမျှ မတို့ဝံ့ ရှောင်ကုန်၏။ မင်းကြီးကား ခိုးသူကို မရနိုင်လေသော် အမတ်ကြီးတို့ကို တိုင်ပင်၏။ အမတ်ကြီးတို့လည်း 'ငါတို့မြို့တွင် အသက်ကြီး တစ်ယောက်ယောက်ကိုယူ၊ အိုပြီးသောသူကား မချွတ်မလွဲ သေလတော့အံ့သည် ဖြစ်သောကြောင့် ထိုသူအိုကိုလျှင် ဘီလူးစာ ဖြစ်စေ' ဟူ၏။

ယင်းသို့တည်း ပေးပချေသည် ရှိမူကား "ငါ့အဘကို အစာပေးလေသည်၊ ငါ့ဘိုးကို အစာပေးလေသည် ဟူ၍ အုတ်အုတ်ကျက်ကျက်လျှင် ပြည်သူတို့ ဖြစ်လျှင်းအံ့သတည်း။ ဤအမှုကို မမူနှင့်" ဟု မင်းကြီး မြစ်၏။ ထိုသို့တည်း ဟုတ်ပြီးကား 'အရှင်မင်းကြီး၊ ပက်လက်မှောက်ခုံ ပြန်တတ်ကာမျှတည်းသော သူငယ်တို့မည်သည် ငါ့မိ ငါ့ဘ ဟူ၍ ချစ်ခင်ခြင်း မရှိ၊ ထိုသို့သော သူငယ်တို့ကို ရှာ၍ ပေးလေစေ' ဟု အမတ်တို့ ဆို၏။ မြို့ကွပ်လည်း ထိုသို့ ဆိုတိုင်း ပေးလေစေ၏။

ထိုအတိုင်း ကြာလတ့်သော် သားသူငယ် မိတို့သည် လည်းကောင်း၊ ဝမ်းဗိုက် ကိုယ်ဝန်ဆောင်သော သူတို့သည် လည်းကောင်း ပြည်တစ်ပါးသို့ ရှောင်လွှဲလေ၍ သား ကြီးမြင့်မှ လာပြန်ကုန်၏။ ဤသို့နှင်နှင် ဘီလူးကို တစ်နေ့ တစ်ယောက် ပေး၍ တစ်ဆယ့်နှစ်နှစ် လွန်လေသတည်း။ ပေးဖန်များလတ်သော် ပြည်အလုံး သူငယ်ကုန်၍ ရှာမရ ဖြစ်ခဲ့သတည်း။ ထိုသို့ မရလတ်သော် မြို့ကွပ်ကား 'အရှင်မင်းကြီး၊ အရှင်မင်းကြီး သားတော် အာဠဝက သတို့သားမှတစ်ပါး ပြည်အလုံး သူငယ်ကို ရှာ၍ မရခဲ့တကား' ဟူပေ၏။ မင်းကြီးလည်း 'ငါလည်း ငါ့သားကို ချစ်၏၊ သူလည်း သူ့သားကို ချစ်၏၊ သားထက်ကား ငါ့ကိုယ်ကိုငါ ချစ်စွာခဲ့။ ငါ့သားနှင့် ငါ့ကို တွင်သော် ငါ့သားကိုပေး၍ ငါ့ကို စောင့်ဘိဦး' ဟု ဆို၏။ ထိုသို့ ဆိုသောအခါ၌ အာဠဝက သတို့သားကို ရေမိုးချိုး၍ တန်ဆာဆင်ပြီးမှ ဒွဲ့ဖြူပုဆိုး အနီးခင်း၍ မယ်တော်မိဖုရား တင်ထက်ထားသတည်း။ မင်းကြီး စေသော မင်းချင်းတို့သည် မင်း၏ အာဏာစက်ဖြင့် တစ်သောင်းခြောက်ထောင်သော ကိုယ်

---

● မြို့ကွပ်သောသူကား ဟု (စ) မူ၌ ပါရှိ၏။



mgyoe.com

mgyoe.com SAMPLE BOOK
လုပ်တော်တို့နှင့်တကွ မိဖုရား ငိုမြည်တမ်းစဉ်လျှင် သတို့သားကို ယူ၍ နက်ဖြန် ဘီလူးစာ ပေးမည်ဟု သွားခဲ့ကုန်သတည်း။

## ၃၁။ မြတ်စွာဘုရားသည် အာဠဝက ဘီလူးကို ချွတ်တော်မူသော အကြောင်း

ထိုနေ့၌ရင်းလျှင် သဗ္ဗညု ဘုရားမြတ်စွာကား ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်၌ စက်တော်မူ၍ မိုးသောက်လတ်သော် ခပ်သိမ်းသော သတ္တဝါတို့အား သနားခြင်းနှင့်ယှဉ်သော မဟာကရုဏာ ဈာန်သမာပတ်ကို ဝင်စားတော်မူပြီး သမာပတ်တရား အာနုဘော်ဖြင့် သတ္တဝါတို့အား သနားခြင်းပြင်းစွာဖြစ်၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို သဗ္ဗညုတ ဉာဏ်ပညာဖြင့် ကြည့်တော်မူလတည်း။ ထိုသို့ ကြည့်တော်မူလတ်သော် အနာဂါမ် ဖြစ်လတ္တံ့သော အာဠဝက မင်းသားကို လည်းကောင်း၊ သောတာပန် ဖြစ်လတ္တံ့သော အာဠဝက ဘီလူးကို လည်းကောင်း၊ အာဠဝီမြို့ပါး၌ အာဠဝကသုတ်ကို လည်းကောင်း ဟောတော်မူ၍ အကျွတ်တရား ရလတ္တံ့သော ရှစ်သောင်းလေးထောင်သော အာဠဝီ ပြည်သူအပေါင်းတို့ကို လည်းကောင်း မြင်တော်မူလျှင်သတည်း။

ဘုရားမြတ်စွာကား ဤသို့ မြင်တော်မူပြီးမှလျှင် သာဝတ္ထိပြည်၌ နံနက်အခါ နေတော်မူဦး၍ ညအခါမှလျှင် လကွယ် ဥပုသ်နေ့ နေဝင်ပြီးသောအခါ၌ ကိုယ်တော်အထီး သပိတ် သင်္ကန်းတော်နှင့်သာလျှင် သာဝတ္ထိပြည်ကသည် အာဠဝီပြည်သို့ တိုင်အောင် ယူဇနာ သုံးဆယ်မျှလောက်သော ခရီးသို့ သွားတော်မူလေ၍ အာဠဝက ဘီလူး၏ ဗိမာန်သို့ ဝင်တော်မူလေသတည်း။

[ဤမျှလောက်သော စကားသည်ကား "အာဠဝိယံ ဝိဟရတိ အာဠဝကဿ ယက္ခဿ ဘဝနေ" ဟူသော ပါဠိ၌ကား အာဠဝီပြည်၏ အနီးဖြစ်သော အာဠဝက ဘီလူး၏ ဗိမာန်၌ ဘုရားမြတ်စွာ နေတော်မူသော စကားကို အကျယ်ချဲ့သတည်း။]

ဘုရားမြတ်စွာကား ပဒေါင်ပင်ရင်း၌တည်း နေသလော၊ အာဠဝက ဘီလူး၏ ဗိမာန်၌တည်း နေသလော ဟူမူ ဗိမာန်၌ နေတော်မူသတည်း။ ဘီလူးတို့သည် မိမိဗိမာန်ကို မြင်သကဲ့သို့ ဘုရားမြတ်စွာလည်း အတိုင်းအရှည် ပြဲပြဲလျှင် မြင်တော်မူသတည်း။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ မြင်တော်မူသောအလျောက် ဘီလူးဗိမာန်သို့ ရောက်တော်မူလတ်သော် ဗိမာန်တံခါး၌ ရပ်တော်မူလေဦးသတည်း။

ထိုအခါ အာဠဝကဘီလူး ဟိမဝန္တာတောင်၌ ဘီလူးများ အစည်းအဝေးသို့ သွားလေသည်ဖြစ်၍ မရှိ။ ဂဒြဘ မည်သော တံခါးအစောင့် ဘီလူးကား ဘုရားမြတ်စွာကို သဒ္ဓါကြည်ညိုလျက်ပင်ဖြစ်၍ ရှိခိုးဝန္ဒနာပြုလျက် 'မိုးချုပ်ပြီး ရောက်တော်မူလာသည်၊ အခါမဟုတ်တကား' ဟု မြစ်လင့်၏။

ဘုရားမြတ်စွာလည်း 'ဂဒြဘ ... ငါ ရောက်လာသည်လျှင် ဟုတ်တည်း၊ အကယ်၍ သင့်အား ဝန်မလေးသည် ဖြစ်အံ့၊ အာဠဝက ဗိမာန်၌ တစ်ညဉ့်မျှ ဣရိယာပုတ်လေးပါး မျှပါအံ့' ဟု မိန့်တော်မူ၏။

ဂဒြဘ ဘီလူးလည်း 'အရှင်ဘုရား ... အကျွန်ုပ်သော်ကား ဝန်မလေး၊ အာဠဝကဘီလူး တစ်မူကား ကြမ်းကြုတ်ခက်ထန်၏၊ မိဘတို့ကိုလည်း ရှိခိုးခြင်း စသော အရိုအသေကို မပြု၊ ဘုရားမြတ်စွာ ... ဗိမာန်၌ နေတော်မမူ ကောင်းစွတကား' ဟူ၏။

ဘုရားမြတ်စွာလည်း 'အာဠဝက သဘောကို ငါ သိ၏၊ တစ်စုံတစ်ခုသော အန္တရာယ် မရှိရာ၊ ငါ့ကိုသာ ခွင့်ပြုပါကာမူ' ဟု ဂဒြဘကို ဆိုတော်မူ၏။

ဂဒြဘလည်း 'အရှင်ဘုရား ... အာဠဝက ဘီလူးကား အိုးကင်းပူ၏ သဖွယ် မကိုင်မတွယ်သာတည်း။ မိဘမှန်း မသိ၊ ရဟန်း ပုဏ္ဏားမှန်း မသိ၊ ဤအရပ်သို့ ရောက်လာသမျှသူတို့၏ နှလုံးပျံ့လွင့်ခြင်းကို ပြုတတ်၏။ ရင်ဘတ်ကိုသော်လည်း ထက်ခြမ်းခွဲ၏။ ခြေကို ကိုင်၍သော်လည်း တစ်ဖန် မရောက်ပြန်လာလျှင်းစိမ့်ဟု သမုဒ္ဒရာတစ်ဖက်သို့သော် လည်းကောင်း၊ စကြဝဠာ တစ်ဖက်သို့သော် လည်းကောင်း ပစ်လိုက်လေ၏။ ထို့ကြောင့် အရှင်ဘုရား နေတော်မမူကောင်း' ဟု နားတော်လျှောက်၏။

ဘုရားမြတ်စွာလည်း နှစ်ကြိမ်လျှင် ခွင့်တောင်းတော်မူပြန်၏။

ဂဒြဘ ဘီလူးလည်း 'အရှင်ဘုရား ... အကျွန်ုပ်ကား ဝန်မလေး၊ ငါ အလိုမရှိပဲကို ခွင့်မူရာသလောဟု အကျွန်ုပ်ကို အာဠဝကဘီလူး သတ်ညှစ်တတ်ခဲ့သော၊ ထို့ကြောင့် ကြားလျှောက်ပလေအံ့သည်' ဟု နားတော်လျှောက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားမြတ်စွာလည်း 'အလိုအတိုင်း ကြားပလေကာမူ' ဟု ဂဒ္ဒရဘာကို ဆိုတော်မူ၏။

ဂဒ္ဒရဘာလည်း 'အရှင်ဘုရားလျှင် သိသည်' ဟု ရှိခိုးဝန္ဒနာ ပြုခဲ့၍ ဟိမဝန္တာမှာ အာဠဝကဘီလူး ရှိရာသို့ သွားလေ၏။

ဘုရားသခင်လည်း ဝင်အံ့ဟု ကြံတော်မူလျှင် ဗိမာန်တံခါးလည်း အလိုလိုလျှင် ပွင့်လျှင်း၏။ ဘုရားမြတ်စွာကား ဗိမာန်သို့ ဝင်တော်မူ၍ အကြင်နေရာကို မင်္ဂလာရှိသောနေရာဌ် နေမှတ်ပြု၍ အာဠဝကဘီလူး စည်းစိမ်ခံစား၏။ ထိုနေရာကား ခပ်သိမ်းသော ရတနာအတိပြီး၏။ ထိုသို့သော နေရာဌ် နေတော်မူ၍ ရွှေအဆင်းနှင့်တူသော ကိုယ်တော် အရောင်ကို လွှတ်၏။ ထိုသို့သော အရောင်တော်ကို မြင်လျှင် အာဠဝက ဘီလူး၏ အလုပ်အကျွေးဖြစ်သော ဘီလူးမများတို့သည် ရှိခိုးဝန္ဒနာ ပြုလင့်ကုန်လျက် ဘုရားမြတ်စွာကို ခြံရံကုန်၏။ ဘုရားမြတ်စွာလည်း–

ရှေးအဖြစ်က အလှူပေးဖူး၊ သီတင်းသုံးဖူး၍၊ ပူဇော်ထိုက်သော သူကို ပူဇော်ဖူး၍ ဤသို့သော ဗိမာန်ဌ် စည်းစိမ်ခံစားရကုန်သည်။ ဤ ကိုယ်အဖြစ်ဌ်လည်း အလှူသီတင်း၊ ပူဇော်သကာ ပြုကြကုန်။ အချင်းချင်း ပြုစုစောင်းမြောင်းကြ၍ ဝန်တိုခက်ထန် စောင်းမာန် မပြင်းစေလင့်ကုန်ဟု–

ဤသို့ အစရှိသော ဟောဖွယ်သော တရားစကားကို ဟောတော်မူပေ၏။ ဘီလူးမများလည်း သာယာစွာသော တရားတော်ကို ကြားလတ်၍ အထောင်မက ကောင်းချီးပေးခြင်း အသံတို့ကို ဖြစ်စေကုန်၏။ တံခါးစောင့် ဂဒ္ဒရဘာ ဘီလူးလည်း ဟိမဝန္တာသို့ သွားလေ၍ အာဠဝက ဘီလူးအား ဘုရားမြတ်စွာ ဗိမာန်ဌ် နေလေသည် အဖြစ်ကို ကြားပေ၏။

အာဠဝက ဘီလူးလည်း ထိုသို့ ဆိုလာသည်ကို ကြားလျှင် "အာဠဝက ဘီလူး ဗိမာန်ဝယ်လျက်လျှင် ခွင့်မမူပဲ ကျူးကျော်၍ နေလေပါ၏ တကား" ဟု သူတို့ ဆိုလိမ့်သည်ကို ရှက်စနိုး၍ စောင်းမာန်သည်းစွာ ထ လျက် အများပေါင်းတွင် သူကြားလှည့်ကာ 'ဆိတ်ဆိတ်နေဘိ' ဟု ဂဒ္ဒရဘာ ဘီလူးကို မြစ်၏။

## ၃၂။ သာတာဂိရိ နတ်မင်းနှင့် ဟေမဝတာ နတ်မင်းကြီးတို့ ဘုရားထံ ရောက်လာခြင်း အကြောင်း

ထိုအကြိုက်ဌ် လည်းကောင်း သာတာဂိရိနတ်မင်း၊ ဟေမဝတာနတ်မင်းဟု


mgyoe.com

mgyoe.com SAMPLE BOOK

အမည်တွင်သော နတ်မင်း နှစ်ယောက်တို့သည် ဘုရားမြတ်စွာကို ဇေတဝန် ကျောင်းတော်တွင်းက ရှိခိုးဝန္ဒနာမူကြ၍ ဘီလူးအစည်းအဝေးသို့ သွားအံ့ဟု အခြံအရံ ဗိုလ်ပါနှင့်အတူ အထူးထူးသောယာဉ် စီး၍ ကောင်းကင်တိုင် သွားကုန်သတည်း။

ကောင်းကင်အရပ်၌ ဘီလူးတို့ သွားကောင်းသော ခရီးမှန်မည်သည် အရပ်ခပ်သိမ်း၌ မရှိ၊ ကောင်းကင်၌တည်သော ဗိမာန်တို့ကို ရှောင်ရှား၍ သွားရာအရပ်၌သာ ခရီးရှိသတည်း။ အာဠဝက ဘီလူး၏ ဗိမာန်သော်ကား ပညောင်ပင်၏ အထိပ်၌ တည်သောကြောင့် ကောင်းကင်၌ မတည်၊ မြေ၌ တည်သည် မည်သတည်း။ မြဲမြံစွာသော တံတိုင်းအရံ ရှိ၏။ ကောင်းစွာ စီရင်သော တံခါးမုခ်နှင့်လည်း ပြည့်စုံစွာ၏။ (အထက် မျက်နှာစာလည်း ကျေးခြေ ကွန်ရက်ဖြင့် ကာ၏။ တံတိုင်းကြီးသဖွယ် ဖြစ်၍ အစောက် သုံးယူဇနာမျှလောက် မြင့်၏။ ထိုဗိမာန်ဦးထိပ် အထက်၌လျှင် ဘီလူး တို့၏ သွားစမြဲခရီး တွင်သတတ်။)

ထိုဗိမာန်အထိပ် တူရူသို့ ရောက်လသောခါ သာတာဂိရိ၊ ဟေမဝတာ နတ်မင်းတို့သည် မသွားတတ်ပဲ ဆုတ်ဆိုင်းရှိသတည်း။ ဘုရားသခင် ဦးထိပ်တူရူ၌ အထက်ဘဝဂ်အဆုံးတိုင်အောင် ကျော်၍ သွားနိုင်သသူ မရှိ။ သာတာဂိရိ၊ ဟေမဝတာ နတ်မင်းတို့သည် မသွားတတ်သော အကြောင်းကို စူးစမ်းကြ၍ အောက်၌ ဘုရားသခင်ကိုမြင်လျှင် ကောင်းကင်က အုတ်ခဲ ပြိုကျသကဲ့သို့ မြေသို့ ပြွမ်းပြွမ်းသက်၍ ရှိခိုးဝန္ဒနာမူကုန်လျက် တရားတော် ကို နာ၍ လက်ယာရစ် လှည့်ခဲ့ပြီးမှ ဘီလူးများ အစည်းအဝေးသို့ သွားကြ လေသတည်း။

## ၃၃။ နတ်မင်းကြီးတို့က အာဠဝက ဘီလူးအား နှိပ်နင်း၍ ပြောဆိုခြင်း အကြောင်း

အာဠဝကဘီလူးလည်း နတ်မင်းနှစ်ပါးတို့သည် ရောက်လာသည်ကိုမြင်လျှင် နေရာရှားနှင့်၍ ဤ၌ ဖနေတော်မူကုန်ဟု နတ်မင်းတို့၏နေရာကို ကြား လျှောက်လင့်၏။ နတ်မင်းနှစ်ပါးလည်း အာဠဝက ဘီလူးကို 'ရတော်လှ လေစွ၊ အရှင်ဘုရား ကိုယ်ဗိမာန်ဝယ် နေလေသည်၊ လာဘ်ကြီးရသည်နှင့် အတူ ကိုယ်သွားလျှင် လေးမြတ်စွာ ဘုရားကို ဆည်းကပ်လေ' ဟု ဆိုလိုက်

( ) က–မူ၌သာ ပါ၍ ခ–မူ၌ မပါ။


mgyoe.com

mgyoe.com SAMPLE BOOK
ကုန်၏။ ဤသို့ နတ်မင်းတို့ ဆိုလတ်သော် အာဠ၀က ဘီလူးကား အလွန် လျှင် အမျက်ရှိသတည်း။

[သူငါးယောက်တို့၌ စကားကောင်း ငါးခွန်းကို စကားမကောင်းဟု မှတ်လင့်လေရာသော–

(၁) မသဒ္ဓါသော သူကို သဒ္ဓါအောင် ဆိုမိချေအံ့။

(၂) သီတင်းပျက်သသူကို သီတင်းမပျက် စောင့်စည်းအောင် ဆိုမိ ချေအံ့။

(၃) အကြားအမြင်ဖြင့် အလိုမရှိသသူကို အကြားအမြင်များအောင် ဆိုမိချေအံ့။

(၄) အပေးအကမ်း မရှိ ဝန်တိုသောသူကို ပေးကမ်းစွန့်ကြဲလိုအောင် ဆိုမိခဲ့ချေအံ့။

(၅) ပညာမဲ့သသူကို ပညာကျေးဇူးစကားကို ဆိုမိချေအံ့။

ဤသူ ငါးယောက်တို့သည် စကားငါးခွန်းကို စကားကောင်း မမှတ် လေ။]

အာဠ၀က ဘီလူးလည်း မသဒ္ဓါသသူ၊ သီတင်းမရှိသသူ ဖြစ်သော ကြောင့် သဒ္ဓါကောင်းသော စကားကို နတ်မင်းတို့ ချီးမွမ်း၍ ဆိုလေလျှင် မီးကျီးတွင် ထားသော ဆားခဲသဖွယ် ဖြစ်၍ ပြင်းစွာသော အမျက်ဖြင့် တကက်တက်ခေါ်လျက်* 'ငါ့ဗိမာန်တွင် ဝင်သော ဘုရားဟူသည်ကား အဘယ် သို့သော သူနည်း' ဟု ဆိုလျှင်း၏။

ထိုသို့ ဆိုလတ်သောခါ နတ်မင်းတို့ကား အာဠ၀က ဘီလူးကို 'နာခံလော့၊ တုသိတာနတ်ပြည်တွင် ငါတို့ ဘုရားမြတ်စွာ နေတော်မူစဉ် စကြဝဠာတစ်သောင်း၌နေသော စတုမဟာရာဇ်နတ်မင်း၊ သိကြား၊ ဗြဟ္မာ အစရှိသော နတ်များ ဟူသမျှ ဘုရားဖြစ်စိမ့်သောငှာ တောင်းပန်၍ ကြည့်ရှု အပ်သည့် ငါးပါးကို ကြည့်တော်မူ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော် မူ၏။ ဖွားတော်မူ၏။ တောထွက်တော်မူ၏။ သဗ္ဗညုတဉာဏ်ဖြင့် ဘုရား ပညာ ပွင့်တော်မူ၏။ ဓမ္မစကြာ တရားကို ဟောတော်မူ၏။ ဤမျှလောက် သောအခါတို့၌ အချမ်းအပူ ငြိမ်းသည် အစရှိသော ၃၂ ပါးသော အံ့ဖွယ် သရဲ နိမိတ်ပြာဋိဟာတို့ကိုလည်း သင် မမြင်ကောင်းသလော၊ အောက်မေ့

* တကက်တက်ခေါ်လျက် = တောက်ခေါက်လျက်။


mgyoe.com

mgyoe.com SAMPLE BOOK

ဦးလော့' ဟု တိုက်တွန်းကုန်၏။ အာဠဝက ဘီလူးလည်း အမျက်ရှိခဲ့ရကား 'ငါ မမြင်ပါဘူး' ဟူ၏။

နတ်မင်းတို့လည်း 'ဟယ် အချင်းအာဠဝက ... မြင်လိုလည်း သင် မြင်လော့၊ မမြင်လိုလည်း သင် မမြင်သည် ဖြစ်စေလော့။ မြင်သည်၊ မမြင် သည်ဟု ဆိုသောသူသည် ငါတို့ဆရာ ဘုရားအား အဘယ်သို့သော အကျိုး အပြစ် ပြုလတ္တံ့နည်း။ ငါတို့ဆရာ ဘုရားနှင့် နှိုင်းချေသော်ကား သင်သို့သော သူသည် လှုပ်ရှားသော်လည်း–

'လဘို့ကြီးရှိသော ဥသဘကြီး အပါးတွင် ထိုနေ့ မွေးသော နွား သူငယ်မျှသာတည်း။ မုန်သွင်သွင်ယိုသော ဆင်ပြောင်ကြီး အပါးတွင် ယနေ့ မွေးလစ်သော ဆင်သူငယ်မျှသာတည်း။ ဖြိုးဖြိုးပြက်သော အရောင်ဖြင့် ဖားဖားကျသော လည်ဆံအမှင်ဖြင့် တင့်တယ်စွာသော ကျောကုန်းဖြင့် ရှိသော ကေသရရာဇာ ခြင်္သေ့မင်း၏ အပါး၌ အခြေလေးခုသားတို့တွင် အယုတ်ဆုံးဖြစ်သော မြေခွေးမျှသာတည်း။ ယူဇနာ တစ်ရာ့ငါးဆယ်မျှ လောက်သော မြောက်သော ကိုယ်အတိုင်းအရှည်ရှိသော ဂဠုန်မင်း၏ အပါး၌ အတောင်ရှိသော ငှက်တို့တွင် အယုတ်ဆုံးဖြစ်သော အတောင်ဆိုးသော ကျီးသူငယ်မျှသာတည်း။

'ယခု သင် သွားလျှင်းလေ၊ ပြုစလိုသရွေ့ ပြုပါလေ' ဟု နတ်မင်း တို့ နှိပ်နင်း၍ ဆိုလိုက်ကုန်သတည်း။

## ၃၄။ အာဠဝက ဘီလူးသည် ဘုရားရှင်ကို စစ်ထိုးခြင်း အကြောင်း

ဤစကားကိုကြားလျှင် အာဠဝကဘီလူး ကျောက်ချင်း* ထ ၍ ဟိမဝန္တာ ဝယ် ဆေးဒန်းမြင်းသီလာတောင်ကြီး၌ လက်ဝဲခြေဖြင့် ရပ်၍ 'နတ်မင်း တို့၏ဆရာ အာနုဘော် အစွမ်းကို မြင်ရအံ့သတည်း' ဟု ဆိုလျက် ဖြိုးဖြိုး စည်သော လက်ယာခြေကို ချီ၍ ယူဇနာခြောက်ဆယ် ရှိသော ကေလာသ ငွေတောင်ထိပ်ထက် နင်းတည့်လေသတည်း။ ရဲရဲညိသော သံတွေခဲကို ပေထက်တင်၍ တူဖြင့်ခတ်လျှင် ဖြိုးဖြိုးစည်သကဲ့သို့ ယူဇနာခြောက်ဆယ် ရှိသော ငွေတောင်ကြီးသည်ကား အာဠဝကဘီလူး နင်းတည့်လျှင် အချပ်ချပ် အလွှာလွှာ ဖြိုးဖြိုးစည်သတည်း။ ထိုတောင်ထက် တက်၍ 'ငါသို့သောသူ

* ကျောက်ချင်း = အလျင်အမြန်။


mgyoe.com